မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၀၀)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာ့ဖလားနဂါးလှေလျှော်ချန်ပီယံရှစ်လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတစ်ခု၊ ငွေတစ်ခုထပ်မံရရှိ ၂၀၂၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူး၌ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ်နဂါးလှေလျှော်ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ



ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၅ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူး၌ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲ ချန်ပီယံရှစ်နဂါးလှေလျှော် ပြိုင်ပွဲအတွက် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့၌ နိုဝင်ဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup) တွင် မြန်မာလှေလှော်အားကစားအသင်း ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ အမျိုးသား+အမျိုးသမီး မီတာ ၂၀၀ (၁၀)တက်လှော်ဗိုလ်လုပွဲပြိုင်ပွဲကို

စာမျက်နှာ ၁၅ ကော်လံ ၁ ▸▸|

ဆောင်းပါး

**တိုးတက်ပြောင်းလဲလာသော စာကြည့်တိုက်ဝန်ဆောင်မှုများဖြင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)** စာ-၁၁ သို့



**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၉၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** စာ-၁၄ သို့

# အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၄၃၀၉ ဧက စိုက်ပျိုးပြီးစီး

အိမ်မဲ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၄၃၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောဆိုချက်အရ သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံလျာထား ၁၄၄၃၀၉ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၁၄၄၃၀၉ ဧကမှာ ကြံ ၈၇ ဧက၊ ကန်စွန်း ၅ ဧက၊ ပိန်း ၁၂၆ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၁၀၈၁ ဧက၊ စပါးဧက ၁၄၃၀၁၀ ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ▭






## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်)

# ဓမ္မအလင်းရောင်များ ထွန်းလင်းတောက်ပနိုင်ပါစေ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်စုစည်းနေထိုင်လျက်ရှိသည့် နိုင်ငံဖြစ်သည်။ နေထိုင်သည့်လူမျိုးများကွဲပြားသည့်နည်းတူ ကိုးကွယ်သည့်ဘာသာများလည်းကွဲပြားကြသည်။ ထို့အတူ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူ နိုင်ငံသားများအနေဖြင့်လည်း ကိုးကွယ်ရာဘာသာများကွဲပြားမှုရှိကြသည်။ မည်သို့ပင်ဘာသာ၊ လူမျိုးကွဲပြားနေကြသော်လည်း အားလုံးသည်မြန်မာနိုင်ငံသားပြည်သူများဟူသော အသိစိတ်ဓာတ်ဖြင့် ချစ်ကြည်ရင်းနှီးစွာနေထိုင်လျက်ရှိကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အေးချမ်းသာယာ၍ နေချင့်စဖွယ်ကောင်းသည့်နိုင်ငံအဖြစ် ကမ္ဘာကအသိအမှတ်ပြုထားသည်။

သို့သော်လည်း ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့်ပဋိပက္ခများသည် နိုင်ငံရေးအရဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးအရဖြေရှင်းမှုမရှိခြင်းကြောင့်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ပြည်ပနိုင်ငံအချို့ကလည်း နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့်လှုံ့ဆော်မှုအမျိုးမျိုးကို လုပ်ဆောင်နေကြသည်။ ထိုသို့သွေးထိုးလှုံ့ဆော်မှုများမှတစ်ဆင့် နိုင်ငံအတွင်းအကြမ်းဖက်လုပ်ရပ်များကို မိုက်မဲစွာကျူးလွန်နေကြခြင်းဖြစ်သည်။ စည်းလုံးညီညွတ်မှုပြိုကွဲနေပါက သပ်လျှိုသွေးထိုးခံနေရမည်ဖြစ်၍ နိုင်ငံတော်ပြိုကွဲမည့်အန္တရာယ်ကို သတိရှိရှိကာကွယ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဤမြေ၊ ဤရေ၊ ဤလေကို တူညီစွာသုံးစွဲနေထိုင်ကြသည့် မြန်မာနိုင်ငံသားတိုင်းသည် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ မြန်မာနိုင်ငံကိုချစ်သည့်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးပြီးနေကြရန် လိုအပ်သည်။ ယနေ့ကာလတွင် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ဖြစ်ပေါ်နေသည့်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်သူများအားလုံးသွားလိုသည့် လမ်းကြောင်းပေါ် အမြန်ဆုံးပြန်လည်ရောက်ရှိစေရေးကို ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေးအတွက် ဖိတ်ခေါ်ထားပြီးဖြစ်သည်။

နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူများအနေဖြင့် မိမိတို့ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိကြသည်။ တစ်ဦး၏ဘာသာတရားအပေါ် အခြားတစ်ဦးကလေးစားကြသည်။ တန်ဖိုးထားကြသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ ခိုင်ခိုင်မာမာပြဋ္ဌာန်းပေးထားပြီး နိုင်ငံတော်အစိုးရအနေဖြင့် ဘာသာရေးနှင့်ပတ်သက်လာလျှင် တတ်နိုင်သမျှကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ တိုင်းရင်းသားတို့၏နှစ်သစ်ကူးပွဲတော်များ၊ နိုင်ငံအတွင်းမှီတင်းနေထိုင်သူများ၏ နှစ်သစ်ကူးပွဲတော်များနှင့် အခြားထင်ရှားသော အထိမ်းအမှတ်ပွဲတော်၊ ဘာသာရေးပွဲတော်များကို စည်ကားသိုက်မြိုက်စွာကျင်းပခွင့်ပြုထားပြီး လိုအပ်သည်များကူညီပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂ ရက်က ရန်ကုန်မြို့တွင်ကျင်းပသည့် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် **“မိမိတို့မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများကတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်သည် ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး “ဒီပ” ဟူသည့် မီးအလင်းရောင်နှင့် “အာဝလိ” ဟူသည့် စီတန်းခြင်းဟူသောအဓိပ္ပာယ်တို့ကိုပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်းအဓိပ္ပာယ်ရသည်ဟုသိရှိရသည်။ ထိုသို့ ဆီမီးထွန်းညှိပူဇော်ခြင်းအားဖြင့် အလင်းက အမှောင်ကိုခွင်းနိုင်ပြီး မကောင်းသည့်အခြေအနေဆိုးကိုပယ်ပျောက်၍ ကောင်းသည့်အခြေအနေကို ဖန်တီးလိုက်ခြင်းသဘောမျိုးဖြစ်သည်။ လူတိုင်းသည် အကောင်းဆုံးကိုမျှော်လင့်လုပ်ဆောင်ကြသူများဖြစ်သည်။ စာပေ၌ “အမှောင်ခွင်း၍ အလင်းဆောင်အံ့”ဟုဆိုကြပြီး အလင်းရောင်သည် လူသားတို့အားလုံးအတွက် ကောင်းကျိုးဖြစ်စေမည့် အဓိကခွန်အား၊ စွမ်းအားဖြစ်ကာ အလွန်ပင်အဓိပ္ပာယ်ရှိပါသည်။

ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့အထိမ်းအမှတ်အခမ်းအနားသည် ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများအပါအဝင် လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် ဘာသာဝင်များ၊ အခြားသောဘာသာဝင်များစုပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ကြခြင်းဖြစ်သည်။ ဤသည်မှာ မြန်မာနိုင်ငံအတွင်းရှိ မတူကွဲပြားသည့်ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကိုပြသနေခြင်းဖြစ်သည်။ ဘာသာတရားတိုင်းသည် လူသားများ၏ကောင်းကျိုးကိုသာ ရှေးရှုခြင်းဖြစ်သည်။ ဒီပါဝလီပွဲတော်သည်လည်း **မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား**ဆိုသည့် ဗုဒ္ဓဘာသာတရားတော်နှင့်တူညီသည်။ မြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာကြီးတစ်ခုလုံးအပေါ်တွင် ဓမ္မဟူသော အလင်းရောင်များလွှမ်းမိုးကာ အေးချမ်းသာယာသောလူ့ဘောင်ကို တည်ဆောက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၄-၁၁-၂၀၂၄(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက်သဖင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။


**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဟိုပုံးမြို့နယ်၌ (စတုတ္ထအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ တတိယနေ့တွင် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၀၀၀ ကျော်ဖြေဆို



ဟိုပုံး နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းမှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ(စတုတ္ထအကြိမ်မြောက်) နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဆက်လက်ဖြေဆိုလျက်ရှိရာ အလှူရှင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်းပေးလျက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံ အရပ်ရပ်ကျောင်းပေါင်း ၂၃၅ ကျောင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင်များက ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဥပစာတန်း ရဟန်း၊ သာမဏေ၊ သီလရှင် ၇၄ ပါး၊ မူလတန်းအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၀ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၃၅၃ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၄၇၄ ပါး၊ တတိယအဆင့်ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၆ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၄၈၇ ပါးဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာလ ၁ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စာအောင်သံဃာတော်များအား ဆွမ်းဆန်လောင်းလှူပွဲနှင့် ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲတို့ကို နိုဝင်ဘာလ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် စုစုပေါင်းဧရိယာ... 

မန္တလေး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်စက်တင်ဘာလက ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သည့် ဧရတ်များကို ပြန်လည်စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ယခုနှစ် စက်တင်ဘာလအတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော သီးနှံများအနက် စပါးပြီးပါက ဧရတ်သည် ဒုတိယအများဆုံးဖြစ်ပြီး စုစုပေါင်းဧရတ်စိုက်ဧက ၁၁၀၀၀ ခန့် ပျက်စီးခဲ့ရာ ယခုအခါ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဧရတ်စိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ ဧရတ်စိုက်ခင်းတွေ အချိန်မီပြန်လည်စိုက်ပျိုးနိုင်အောင် သက်ဆိုင်ရာမြို့နယ်တွေမှာ မျိုးစေ့တွေကို ပြန်လည်ဖြန့်ဖြူးပေးနေပြီဖြစ်ပါတယ်။ သဘာဝမြေဩဇာတွေလည်း ဖြန့်ဖြူးပေးနေပါတယ်။ ဒါ့ပြင် နိုင်ငံတော်ကထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေဩဇာတွေကိုလည်း ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူရရှိနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်ကပြောသည်။

ထို့ပြင် ရောဂါပိုးမွှားအန္တရာယ်ကျရောက်သော စိုက်ခင်းများအတွက်လည်း ပိုးသတ်ဆေးများပံ့ပိုးပေးအပ်လျက်ရှိပြီး ထိုသို့ပံ့ပိုးပေးရာတွင် မြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီတို့မှ စိစစ်ဆောင်ရွက်ကာ မျိုးစေ့များ၊ သွင်းအားစုများ ပြန်လည်ဝယ်ယူရန် အခက်အခဲရှိနေသော တောင်သူများကို ဦးစားပေးကာ ပံ့ပိုးကူညီပေးလျက်ရှိသည်။

ထို့အတူ မြေဆီလွှာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နုန်းညွှန်များဖုံးအုပ်သွားသော စိုက်ခင်းများတွင် မြေဆီလွှာများအား ပြန်လည်ပြုပြင်ပြီးမှ စိုက်ပျိုးသင့်သော နည်းလမ်းများကိုလည်း တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်စက်တင်ဘာလက ရေကြီးရေလျှံမှုများကြောင့် သီးနှံအမျိုး ၂၀ ခန့်၏ စုစုပေါင်းစိုက်ဧကပေါင်း ၆၄၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ပြီး ယင်းသီးနှံများအနက် ရမည်းသင်း၊ မိတ္ထီလာအပါအဝင် မြို့နယ်တချို့၌ စိုက်ပျိုးခဲ့သော ဧရတ်စိုက်ခင်းအများအပြားလည်း ပါဝင်ကြောင်း သိရသည်။

**ဆောင်းဦး**

# မန္တလေးပဲဈေးကွက်၌ သီတင်းကျွတ်ကာလအလွန်တွင် ပဲစင်းငုံများ အရောင်းအဝယ်သွက်နေ

မန္တလေး နိုဝင်ဘာ ၃

မန္တလေးပဲဈေးကွက်၌ သီတင်းကျွတ်ပွဲတော်ကာလအလွန်တွင် ပဲစင်းငုံများ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များ၏ပြောပြချက်အရ သိရသည်။

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံများကို အိန္ဒိယနိုင်ငံသို့ G to G စနစ်ဖြင့် စာချုပ်ချုပ်ဆိုကာ နှစ်စဉ် တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိ မန္တလေးပဲဈေးကွက်အတွင်း ပဲလက်ကျန်နည်းနေပြီဖြစ်သောကြောင့် ယခုနှစ် ဇန်နဝါရီလပဲစင်းငုံများ ပေါ်ဦးပေါ်ဖျားအချိန်၌ ယခုကဲ့သို့ ဈေးရရှိကာ အရောင်းအဝယ်သွက်နေခြင်းဖြစ်သည်။

"ပဲစင်းငုံက ပြည်ပကို အဓိကထားတင်ပို့ရောင်းချနေရတဲ့ ပဲအမျိုးအစားပါ။ ဒီနှစ်အတွက်တော့ ပဲစင်းငုံစိုက်ပျိုးရာသီက ပြီးသွားပါပြီ။ လာမယ့် ဒီဇင်ဘာလလောက်ဆိုရင် မန္တလေးပဲဈေးကွက်ထဲကို ပဲစင်းငုံအသစ်တွေ စတင်ဝင်ရောက်လာတော့မှာပါ။ လက်ရှိ ဈေးကွက်ထဲမှာ ပဲစင်းငုံအဟောင်းတွေ လက်ကျန်နည်းနေတဲ့အတွက် ကုန်သည်တွေကလည်း ရသလောက် ဝယ်ယူနေကြပါတယ်"ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ပဲစင်းငုံများကို ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အဓိကထား စိုက်ပျိုးကြပြီး ယခုအခါ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌လည်း စိုက်ပျိုးလာကြကြောင်း၊ မြေပြန့်ဒေသမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံများတွင် ပခုက္ကူဘက်မှထွက်ရှိသော ပဲစင်းငုံများသည် အရည်အသွေးအကောင်းဆုံးဖြစ်သကဲ့သို့ တောင်ပေါ်ဒေသထွက် ပဲစင်းငုံများထဲတွင်လည်း ကယားပြည်နယ် လွိုင်ကော်ဒေသမှထွက်ရှိသော ပဲစင်းငုံများသည် အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပြည်တွင်းမှထွက်ရှိသော ပဲစင်းငုံများ၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး နိုင်ငံခြားဝင်ငွေများ ရရှိရန် ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ပဲစင်းငုံများသည် ပြည်ပဈေးကွက် ခိုင်မာမှုရှိသည့်အပြင် ယခုကဲ့သို့ ဈေးရရှိလာသောကြောင့် တောင်သူများအနေဖြင့် လာမည့်နှစ် ပဲစင်းငုံစိုက်ပျိုးရာသီတွင် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်လာကြောင်း သိရသည်။ **ဆောင်းဦး**



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ဤအခြေအနေမျိုးတွင် ကျွန်တော့်အတွက်ရော၊ ကျောင်းသား၊ ကျောင်းသူများအတွက်ရော ကျေးရွာအတွက်ပါ အဆင်မပြေမှုတစ်ခုနဲ့ ရင်ဆိုင်တိုးရပြန်တော့သည်။ အကြောင်းမှာ ကျွန်တော်တို့ အကူအညီခေါ်ယူထားသော ဘွဲ့ရဆရာ ဦးကျော်ဌေးမှာ တွဲဖက်ဆရာ ဆက်မလုပ်တော့ဘဲ မိသားစုရှိရာ ကျောက်ဖြူမြို့သို့ အပြီးပိုင်ထွက်ခွာသွားခြင်းပင်ဖြစ်ပေတော့သည်။ မြေပုံမြို့နယ် ကျွန်းစဉ်ဒေသသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခြင်း၊ သူပုန်တို့ကြီးစိုးနယ်မြေဖြစ်ခြင်း၊ ရာဇဝတ်မှုပေါခြင်းတို့ကြောင့် ရပ်ဝေးမှဧည့်သည်ဆရာများ လာရောက်ရန်ခက်ခဲကြသည်။ ငြင်းဆန်ကြသည်။ ဘဝအာမခံချက်မရှိသော စပါးတောင်းဆရာ(အငှားဆရာများ)ကို တော်ရုံနဲ့ မလုပ်လိုကြ။ ဒီတော့ သရက်တောင်ရွာ တွဲဖက်အလယ်တန်းကျောင်းအတွက် အခက်ကြီးကြုံ ရတက်မီးပုံပွားရပါတော့သည်။

"ဆရာ့ကို ကျွန်တော်တစ်ခုပြောမယ်"

"ပြောလေ ကိုဘညွန့်"

ကျွန်တော်သည် ကျွန်တော်တို့ တွဲဖက်ဆရာများနဲ့ တွဲပြနေသော မူလတန်းပြဆရာ ဦးစောမောင်လှ(ကမ်းထောင်းကြီးရွာဇာတိ)ကို ခေါ်ယူညှိနှိုင်းနေခြင်းပင်ဖြစ်သည်။

"ဒီလိုဗျာ၊ ခု တို့ဒေသအနေအထားအရ ဘွဲ့ရတစ်ယောက်ရရှိဖို့ဆိုတာမလွယ်ဘူး၊ အရမ်းအခက်အခဲရှိတယ်"

"ဟုတ်တယ်ဗျာ၊ ဘွဲ့တွေရလာရင်လည်း တရားဝင်ဌာနဆိုင်ရာမှာပဲ ဝင်လုပ်ကြတာလေ၊ ဒါမှလည်း သူတို့အတွက် ရာထူးတိုး၊ လစာတိုးပြီး ပင်စင်ဆိုတာလည်း ရှိလာကြတာကိုး"

"ဟုတ်တယ် ဟုတ်တယ်၊ တချို့ဒီလို တွဲဖက်တွေမှာ လာလုပ်ကြတဲ့လူတွေဟာ ဌာနဆိုင်ရာက အပြစ်ပေးခံရသူတွေ၊ နိုင်ငံရေးစိတ်ရှိပြီး လက်ရှိအစိုးရကို ဝေဖန်ချင်နေတဲ့လူတွေဆိုတော့ သူတို့မှာ နဂိုကတည်းက စိတ်ဒဏ်ရာက ပါလာကြပြီးသားဆိုတော့ ဆရာအလုပ်မှာ သိပ်ပြီး သဟဇာတမကျဘူးပေါ့ဗျာ"

"ဒီတော့ ဒီလိုလုပ်မယ်ဗျာ၊ ဆရာ ကျော်ဌေးပြသွားတဲ့ အဋ္ဌမတန်းအတွက် သင်္ချာဘာသာရပ်နဲ့ သိပ္ပံဘာသာရပ်ကို ဆရာဦးစောမောင်လှပြပါ"

" ကျွန်တော်ကတော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်းနဲ့ ပထဝီဝင်ဘာသာရပ်ကို တာဝန်ယူမယ်ဗျာ"

**"ကျွန်တော်သည် သရက်တောင်ရွာတွင် ကျောင်းဆရာလုပ်ရင်း ကလေးတွေ ပညာတိုးတက်စေရေးအတွက် ကြိုးစားအားထုတ်စာသင်ပြရင်း ရပ်ရွာတိုးတက်ရေးအတွက်ကိုလည်း စည်းရုံးလှုပ်ရှားလျက်ရှိရာ "အားသစ်လူငယ်စာကြည့်တိုက်" ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။ ကျေးရွာပြည်သူ့ကောင်စီ၏ ခွင့်ပြုချက်ကိုယူပြီး ရွာလယ်မြေကွက်လပ်တွင် အဆောက်အအုံတစ်ခုကို ရွာသားများ၏လုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြသည် . . ."**

"တကယ့် စွန့်စားခန်းကြီးပဲဗျာ"

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်ဗျာ၊ ကျောင်းသားတွေနဲ့လည်း အဆင်ပြေပါတယ်"

"ကိုဘညွန့်လုပ်နိုင်ရင် ကျွန်တော်လည်း လုပ်နိုင်ရမှာပေါ့ဗျာ၊ သတ္တိမွေးပေးမယ်၊ ခွန်အားဖြည့်ပေးမယ်ဗျာ"

ဆရာဦးစောမောင်လှနှင့် ကျွန်တော်ကား အစိုးရစစ်အဋ္ဌမတန်းစာမေးပွဲအတွက် အားမာန်ဖြည့်စကားများနဲ့ ယုံကြည်ချက်မှတ်တိုင်ကို စိုက်ထူလိုက်ကြပေပြီ။ ဦးစောမောင်လှမှာ သိပ္ပံတွဲဖြင့် ဆယ်တန်းအောင်ထားသူဖြစ်၍ သင်္ချာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ကို ကောင်းကောင်းပြနိုင်ပေသည်။ ကျွန်တော့်ဘဝတစ်လျှောက်လုံး ဝိဇ္ဇာတွဲကို ဆက်ခါဆက်ခါ သင်ပြသင်ယူမှု လုပ်နေသူဖြစ်၍ နေသားကျပြီးသားလို့ ပြောနိုင်ပေသည်။ ပဥ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း အတန်းများအတွက် ကျွန်တော်တို့နှစ်ယောက် နည်းနည်းသက်သာရအောင် ကိုစံရွှေ (ကောင်စီစာရေး) ကို အကူအညီတောင်းပြီး ဝိုင်းကူဖို့ပြောကြည့်ကြရာ သူကိုယ်တိုင်လက်ခံသဖြင့် ကျွန်တော်တို့အတွက် နည်းနည်းအဆင်ပြေသလိုရှိသွားသည်။

ဒီနှစ်တွင် ကျွန်တော့်အတွက် တစ်ခု ထူးခြားသည်မှာ ကျောက်ဖြူမြို့ အ.လ.က (၂) (မြို့မကျောင်း)က အဋ္ဌမတန်း ဝိဇ္ဇာဘာသာရပ်များအတွက် လက်ရေးမူ မှတ်စုတစ်စုံ ကျွန်တော့်ဆီ ရောက်လာခဲ့ပေသည်။ လက်ရေးမူဟုဆိုသော်လည်း ညီညာဝိုင်းစက်နေသည်။ ကျွန်တော့်အတွက် သင်ကြားရေးအထောက်အကူရသဖြင့် လွန်စွာကျေနပ်သွားသည်။ (ကျောက်ဖြူမြို့နေ မမှဲ့ခင်ရွှေ (သရက်တောင်ဇာတိ)က ကိုယ့်ရပ်ကိုယ့်ရွာ ပညာရည်မြင့်မားမှုအတွက် ပေးလိုက်သည်ဟု ထင်ပါသည်။) (ကျောက်ဖြူမြို့တွင် အ.လ.က(၂) (မြို့မကျောင်း) သင်ကြားသင်ယူမှုထူးချွန်သောကျောင်းဖြစ်သည်။)

နောက်တစ်ခု ကျွန်တော့်အတွက် ထူးခြားသည်မှာ ကံ့ကော်ရွှေပြည် စာပေးစာယူသင်တန်းနဲ့ အဆက်အသွယ်ရပြီး သင်တန်းသားအဖြစ် ကျွန်တော် ပါဝင်သင်ယူလိုက်ရခြင်းပင်ဖြစ်ပေသည်။ ဤမျှ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလွန်းပြီး သောင်းကျန်းသူတို့၏ စိုးမိုးမှုအောက် ရောက်နေသော ကျွန်တော့်အတွက် ကံ့ကော်ရွှေပြည် စာပေးစာယူသင်တန်းနဲ့ အဆက်အသွယ်ရသွားခြင်းမှာ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မဟာကံထူးရှင်ဟု ခံယူလိုက်ပေပြီ။ ထပ်မံ ကံကောင်းပြန်သည်မှာ သရက်တောင်ရွာ အစိုးရမူလတန်းကျောင်းက ကျွန်တော့်မိတ်ဆွေ ဆရာဦးဘဆွေမှာ မူလတန်းဆရာဖြစ်သင်တန်းကို ကျောက်ဖြူမြို့ ဆရာဖြစ်သင်တန်းကျောင်းမှာ တက်ရောက်နေချိန်ဖြစ်သည်။ ရန်ကုန်မြို့မှပို့ပေးသော ဘာသာရပ်ဆိုင်ရာ သင်ကြားမှုများနှင့် ဘာသာရပ်အလိုက် လပိုင်းမာတိကာ မေးခွန်းစာစဉ်များကို ကျွန်တော့်ဆီပို့ပေးသည်။ ကျွန်တော့်ဆီရောက်လျှင် မေးခွန်းများကိုဖြေဆိုပြီး ဆရာဦးဘဆွေဆီ ပြန်လည်ပို့ပေးသည်။ သူမှတစ်ဆင့် ကျောက်ဖြူမြို့စာတိုက်မှ ရန်ကုန်သို့ပို့ပေးခြင်းဖြစ်ပေသည်။ ကျွန်တော့်ဖြေဆိုမှုများကို သင်တန်းဌာနက အမှတ်ခြစ်ပြီး ရမှတ်များကို ကျွန်တော့်ဆီ ပြန်ပို့ပေးသည်။ ကျွန်တော့်ဖြေဆိုမှုများသည် လအလိုက် ၆၅ ရာခိုင်နှုန်းနှင့် ၁၀၀ ရာခိုင်နှုန်းကြားတွင် အမြဲရှိသည်။ ကျွန်တော် အားအရဆုံးမှာ အင်္ဂလိပ်စာဘာသာရပ်သင်ခန်းစာများကို အပြည့်အစုံသင်ရပြီး လေ့လာရခြင်းပင်ဖြစ်ပေသည်။ ကျွန်တော် အခြေခံပညာအထက်တန်းစာမေးပွဲကို နှစ်ကြိမ်တိုင်တိုင်ဖြေပြီးဖြစ်သော်လည်း အင်္ဂလိပ်စာဘာသာရပ်ပြဋ္ဌာန်းစာအုပ်ကို ခုထိပင် မမြင်ဖူးသေးချေ။

ကျွန်တော်သည် သရက်တောင်ရွာတွင် ကျောင်းဆရာလုပ်ရင်း ကလေးတွေ ပညာတိုးတက်စေရေးအတွက် ကြိုးစားအားထုတ်စာသင်ပြရင်း ရပ်ရွာတိုးတက်ရေးအတွက်ကိုလည်း စည်းရုံးလှုပ်ရှားလျက်ရှိရာ "အားသစ်လူငယ် စာကြည့်တိုက်"ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။ ကျေးရွာပြည်သူ့ကောင်စီ၏ ခွင့်ပြုချက်ကိုယူပြီး ရွာလယ်မြေကွက်လပ်တွင် အဆောက်အအုံတစ်ခုကို ရွာသားများ၏လုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြသည်။ စာကြည့်တိုက်စတင်ဖွင့်လှစ်ရာတွင် ကျွန်တော့်မှာ ကျောင်းနေတုန်းကပင် မိဘပေးထားသော ချွေးနှဲစာ ပိုက်ဆံကို မုန့်ပင်မစားရက်ဘဲ ဝယ်ယူသိမ်းဆည်းထားသောစာအုပ်များနှင့် အလှူခံရရှိထားသော စာအုပ် ၁၀၀ ကျော်ကို အခြေတည်ပြီး စတင်ဖွင့်လှစ်ခဲ့သည်။ လူငယ်များနဲ့ပဲ စာကြည့်တိုက်ကော်မတီကို ဖွဲ့စည်းသည်။ အသင်းဝင်များရရှိနိုင်အောင်စည်းရုံးပြီး လစဉ်ကြေးကောက်ခံသည်။ အလှူငွေများရှာဖွေသည်။ ရွာသို့ဇာတ်အဖွဲ့များ ဝင်ရောက်ကပြလျှင် စာကြည့်တိုက်ကော်မတီများသည် မုန့်ရောင်းကြသည်။ ရွာသားများက စာကြည့်တိုက်ရန်ပုံငွေရရှိရေးအတွက် ဝယ်ယူစားသောက်အားပေးကြသည်။ ကျောင်းပိတ်ရက်များဆို စာကြည့်တိုက်တွင် ကျွန်တော်ကိုယ်တိုင်ထိုင်သည်။ စာအုပ်ငှားသည်။ နောက်ဆိုလျှင် ရွာထဲမှ အလှူရှင်များရှာဖွေကာ လစဉ်ထုတ်မဂ္ဂဇင်းများကို လအလိုက်ဝယ်ယူပြီး စာကြည့်တိုက်တွင် ဖြည့်ဆည်းကြသည်။ နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာကို ကျွန်တော်နှင့်ကျောင်းနေဖက် အတန်းဖော် ကိုဘတင်က သီတင်းတစ်ပတ်တစ်ကြိမ်စီထွက်သော ရက်မှန်မော်တော်ဘုတ်နဲ့ ကျောက်ဖြူမြို့မှ မြေပုံမြို့နယ် သရက်တောင်ရွာသို့ ပုံမှန်ထည့်ပေးသည်။ စာကြည့်တိုက်လေးကို ပြတင်းပေါက်လေးများဖောက်ပြီး သဘာဝကျကျဆောက်လုပ်ထားရာ ခုံတန်းလျားလေးများပေါ်တွင် အစီအရီထိုင်လျက် စာဖတ်နေကြသည့်မြင်ကွင်းမှာ သဘာဝကျလှပေသည်။ ကျွန်တော့်မှာ ကျောင်းသူ၊ ကျောင်းသားများအား စာသင်ပြရ၊ ကိုယ်တိုင်လည်း ဆယ်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားနေသည့်အပြင် စာကြည့်တိုက်လုပ်ငန်းကလည်း ရှေ့တည့်တည့်မှာ နေရာယူလာရာ မေတ္တာပြည့်အလုပ်၊ စေတနာပြည့်တာဝန်တွေက များလွန်းလှသည်ဟု ဆိုရပေမည်။ ကျွန်တော်သည် ရပ်ရွာအပေါ်တွင် စေတနာထားပြီး ဆောင်ရွက်နေမှုများကို ကိုယ်တွေ့မြင်နေ၊ ကြားနေရသော ရွာသားများမှာ ကျွန်တော့်အပေါ် နွေးထွေးမှုပိုပြီး ရှိလာကြသည်ဟု ခံစားမိလာသည်။

● ● ● ● ● ● ●

**ဆက်လက်ဖော်ပြပါမည်။**

# ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု စံဖဲကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ကွင်းအမှတ် (၂၂၃) ဦးပိုင်အမှတ်(၄/၁) တောင်သူဒေါ်စန်းရီကြီး၏လယ်မြေ၌ နိုဝင်ဘာလ ၂ ရက်က ကျင်းပသည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က မိုးစပါးစံကွက်ရိတ်သိမ်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူများက စံကွက်များကိုစုပေါင်းရိတ်သိမ်းကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ညောင်လေးပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထက်နှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုကြပြီး တောင်သူများ စုပေါင်း၍ စံကွက်များအား ရိတ်သိမ်းခဲ့ကြရာ တစ်ကေလျှင် ပျမ်းမျှ စပါးအစို ၁၄၀ ဒသမ ၆၃ တင်းထွက်ရှိပြီး စပါးအခြောက် ၁၃၁ ဒသမ ၀၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ မမိုမိုမင်းဦး(ခ)ဖြူလုံးနှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမျိုးကို "ညာသပြေဘောင်" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅) (အမျိုးသား) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်ဇော်လင်း "လူမနေ့ာ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ မကွေးတိုင်းဒေသကြီးမှ ဦးစည်သူဟိန်း "အတိုင်းမသိ" (ဘွဲ့) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅) (အမျိုးသား) ပလွေပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းဝေဇော် "ဇေယျာမြို့" (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဖိုလ် "ညင်းညင်း" (မွန်) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ
# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



အခြေခံပညာ(၁၀-၁၅) (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မဆုစန္ဒီထွန်း "ဇေယျာမြို့" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅) (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မချစ်ပြည့်ခိုင်(ခ)ကောင်းကင်ဗိုလ် "မင်္ဂလာသီရိ" (ဘွဲ့)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။


အခြေခံပညာ(၁၅-၂၀) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းမြတ်ကျော် "မြိုင်ယံရွှေလှုံ" (ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ မရွှန်းလဲ့မေ(ခ) လဲ့ရည်ဝင်း "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသား) တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဝသန် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀) (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# ဒီပဲယင်းမြို့နယ်၌ မတ်ပဲ ၂၀၈၄ ဧက စိုက်ပျိုးပြီးစီး

**ဒီပဲယင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲ ၂၀၈၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဒီပဲယင်းမြို့နယ်၌ မတ်ပဲ ၁၆၇၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၂၀၈၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီပဲယင်းမြို့နယ်မှာ မတ်ပဲဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လက်ရှိမတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်တယ်။ မတ်ပဲသီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့တယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်" ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောသည်။

မတ်ပဲစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများထုတ်ချေး



**ဇီးကုန်း နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်မျှောကြီးကျေးရွာနှင့် မကျီးပင်ဆိတ်ကျေးရွာတို့၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် သစ်မျှောကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက သစ်မျှောကြီးကျေးရွာရှိ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက သစ်မျှောကြီးကျေးရွာနှင့် မကျီးပင်ဆိတ်ကျေးရွာတို့ရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၀၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက သစ်မျှောကြီးကျေးရွာနှင့် မကျီးပင်ဆိတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးအတွက် ချေးငွေကျပ် ၂၂ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ဦးအတွက် ချေးငွေကျပ် ၂၀ ဒသမ ၂၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၄ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၀၅ သန်းကို တစ်ဦးချင်းစီ၏လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**

# ယာယီဈေးတည်ဆောက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ဆီဆိုင် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၇၉ ဒသမ ၈၉၇ သန်းဖြင့် ဆောင်ရွက်သည့် ယာယီဈေးတည်ဆောက်နေမှုအခြေအနေများအား နိုဝင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူတို့သည် မြို့မဈေးနေရာတွင် အဆောင် ၁၈ ခု၊ ဆိုင်ခန်း ၃၈၂ ခန်းပါဝင်သော ယာယီဈေးပုံစံဆောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါမြို့မဈေးသည် ဇန်နဝါရီလအတွင်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရပြီး မြို့မဈေးအား ယာယီအကွက်ချပုံစံဖြင့် သာ ဖွင့်လှစ်ရောင်းချခဲ့သည်။ ယခုအခါ အဆိုပါယာယီဈေးပုံစံဆောက်လုပ်နေမှုလုပ်ငန်းမှာ ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(၄၀၅)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဆောင်းရာသီနှင့် ပန်းနာရင်ကျပ်ရောဂါ

> "ပန်းနာရင်ကျပ်ရောဂါရှိသူများတွင် လေအေးကဲ့သို့သောအရာများမှအစပြု၍ ထိလွယ်ရှလွယ်ဖြစ်သော လေပြွန်လမ်းကြောင်းများရှိသည်။ ဆောင်းရာသီတွင် ပြင်ပအပူချိန်ကျဆင်းပြီး အေးသောလေကို ရှူသွင်းလိုက်သောအခါ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေနိုင်ကာ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် အသက်ရှူမဝခြင်း စသည့်လက္ခဏာများဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ပန်းနာရင်ကျပ်ရှိသူများသည် ပြင်ပအပူချိန်ကျဆင်း၍ အေးနေသောအခါ နှာခေါင်းမှ အသက်ရှူသွင်းရန်အရေးကြီးပါသည် . . ."

ဆောင်းရာသီတွင် ရာသီဥတုအပူချိန် ကျဆင်းလာသည်နှင့်အမျှ ပန်းနာရင်ကျပ်ရောဂါ (Asthma) ပို၍အဖြစ်များလာနိုင်သည်။ ပန်းနာရင်ကျပ်ရောဂါသည် အဆုတ်လေပြွန်ရောင်ရမ်းသည့် နာတာရှည်ရောဂါတစ်မျိုးဖြစ်ပါသည်။ မျိုးရိုးဗီဇကြောင့်ဖြစ်နိုင်သကဲ့သို့ ဓာတ်မတည့်မှု၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အအေးမိခြင်းတုပ်ကွေးနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ပိုးကြောင့် လေပြွန်များရောင်ရမ်းကျဉ်းမြောင်းလာပြီး အသက်ရှူရခက်လာခြင်းဖြစ်ပါသည်။ ဆောင်းရာသီတွင် လေအေးသည် အဆုတ်လေပြွန်များကိုရောင်ရမ်းစေသည့် Histamine များထုတ်လုပ်ရန် လှုံ့ဆော်ပေးနိုင်ပြီး ပန်းနာရင်ကျပ်ရောဂါလက္ခဏာများကို ပိုမိုဆိုးရွားလာစေနိုင်သည်။ ခန္ဓာကိုယ်နွေးနွေးထွေးထွေးရှိနေခြင်းသည် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပါသည်။ ပန်းနာရင်ကျပ်ရောဂါလက္ခဏာများ ပိုမိုဆိုးရွားမလာစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် တစ်နှစ်ပတ်လုံး ကျန်းမာနေရန်နှင့် နာတာရှည်အဆုတ်ပျက်စီးမှုမှ ကာကွယ်နိုင်ပါသည်။

### ဆောင်းရာသီတွင် ပန်းနာရင်ကျပ်ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာနိုင်သည့်အကြောင်းရင်းများ

အဆုတ်အတွင်းရှိ လေပြွန်လမ်းကြောင်းများကို စိုစွတ်သောအလွှာတစ်ခုဖြင့် ကာကွယ်ထားသည်။ ဆောင်းရာသီတွင် ခြောက်သွေ့သောပြင်ပလေအေးနှင့်ထိတွေ့သောအခါ စိုစွတ်သောအလွှာသည် အငွေ့ပြန်သွားသဖြင့် လေပြွန်လမ်းကြောင်းရောင်ရမ်းလာပြီး ယားယံစေပါသည်။ လေပြွန်လမ်းကြောင်းများကို အကာအကွယ်ပေးသောချွဲအလွှာသည် ပြင်ပရာသီဥတုအေးလာသည့်အခါ ထူလာပြီး သာမန်အအေးမိတုပ်ကွေးနှင့်ဗိုင်းရပ်စ်ပိုးများကဲ့သို့ အသက်ရှူလမ်းကြောင်းရောဂါပိုးများဝင်နိုင်ခြေများပါသည်။ အဆိုပါရောဂါပိုးများသည် အဆုတ်လေပြွန်လမ်းကြောင်းများ ရောင်ရမ်းခြင်းနှင့်ယားယံခြင်းတို့ကို ဖြစ်စေနိုင်ပြီး ပန်းနာရင်ကျပ်ရောဂါလက္ခဏာများကိုဖြစ်စေသည်။

ပန်းနာရင်ကျပ်ရောဂါရှိသူများတွင် လေအေးကဲ့သို့သောအရာများမှအစပြု၍ ထိလွယ်ရှလွယ်ဖြစ်သော လေပြွန်လမ်းကြောင်းများရှိသည်။ ဆောင်းရာသီတွင် ပြင်ပအပူချိန်ကျဆင်းပြီး အေးသောလေကို ရှူသွင်းလိုက်သောအခါ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေနိုင်ကာ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းနှင့်အသက်ရှူမဝခြင်း စသည့်လက္ခဏာများဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ပန်းနာရင်ကျပ်ရှိသူများသည် ပြင်ပအပူချိန်ကျဆင်း၍ အေးနေသောအခါ နှာခေါင်းမှ အသက်ရှူသွင်းရန်အရေးကြီးပါသည်။ နှာခေါင်းပေါက်များမှတစ်ဆင့် လေကိုရှူရှိုက်သောအခါ နှာခေါင်းအတွင်းပိုင်းရှိ ဖွဲ့စည်းပုံများကြောင့် လေသည် စိုစွတ်လာပြီး နွေးထွေးစေသည်။ အဆုတ်ထဲရောက်သွားသည့်အခါ လေသည် ပို၍ပူနွေးလာသောကြောင့် လေလမ်းကြောင်းတွင် ယားယံနိုင်ခြေနည်းပါးသည်။ ပါးစပ်မှအသက်ရှူခြင်းကိုရှောင်ကြဉ်ပါ။ အေးသောရာသီဥတုတွင် ပါးစပ်မှလေကိုရှူရှိုက်ခြင်းသည် အဆုတ်ထဲသို့ အေးသောလေကိုတိုးဝင်စေပြီး ပန်းနာရင်ကျပ်ရောဂါကို ပိုမိုဆိုးရွားလာစေသည်။

ပန်းနာရင်ကျပ်ရောဂါလက္ခဏာများကို ပိုမိုဆိုးရွားလာစေနိုင်သည့် အကြောင်းရင်းများသည် လူတစ်ဦးချင်းစီတွင် ကွဲပြားနိုင်သည်။ ဆောင်းရာသီတွင် ရာသီဥတုပိုအေးသောကြောင့် အိမ်ထဲတွင်နေထိုင်သောအချိန်ပိုများလာသည်နှင့်အမျှ အိမ်တွင်းဓာတ်မတည့်မှုများနှင့်ထိတွေ့မှုပိုများလာပြီး ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားနိုင်ခြေ တိုးမြင့်လာနိုင်သည်။ အေးသောရာသီဥတုကြောင့်ဖြစ်ရသည့် ဓာတ်မတည့်မှုသည် အိမ်တွင်းမှ ပိုးမွှားများ၊ မှိုများ၊ ဖုန်မှုန့်များ၊ အိမ်မွေးတိရစ္ဆာန်များ၏အညစ်အကြေးများနှင့် မီးခိုးငွေ့များကြောင့်ဖြစ်သည်။ ဆောင်းရာသီတွင် အအေးမိခြင်းနှင့် ရာသီတုပ်ကွေးပို၍ဖြစ်တတ်သည်ကို သတိပြုပါ။ ထို့ကြောင့် ဆောင်းရာသီတွင် အအေးမိခြင်း သို့မဟုတ် ဓာတ်မတည့်ခြင်းရှိ၊ မရှိကို အမြဲစစ်ဆေးသင့်ပါသည်။

### ပန်းနာရင်ကျပ်ရောဂါလက္ခဏာများ

လမ်းလျှောက်ရင်းအေးသောလေကိုရှူရှိုက်ခြင်းဖြင့် ချောင်းဆိုးပြီး အသက်ရှူမဝသကဲ့သို့ လက္ခဏာများဖြစ်ပေါ်လာနိုင်ပါသည်။ အေးသောလများတွင်ခံစားရသည့် ပန်းနာရင်ကျပ်ရောဂါ၏လက္ခဏာများသည် ပူနွေးသောလများတွင် ခံစားရသောလက္ခဏာများနှင့်အတူတူပင်ဖြစ်ပါသည်။ ကွာခြားချက်မှာ ရောဂါလက္ခဏာများသည် ဆောင်းရာသီတွင် ပုံမှန်ထက်ပိုဆိုးနိုင်ပြီး မကြာခဏဖြစ်ပွားလေ့ရှိသည့်အပြင် ထိန်းချုပ်ရန်ခက်ခဲတတ်ပါသည်။ ပန်းနာရင်ကျပ်ရောဂါ၏အဖြစ်များသောလက္ခဏာများမှာ ရင်ဘတ်အောင့်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ မောခြင်း၊ ရင်ဘတ်ထဲတွင် တင်းကျပ်သကဲ့သို့ ခံစားရခြင်း၊ အသက်ရှူသံ ရှူးရှူးမြည်ခြင်းတို့ဖြစ်ပါသည်။ ပန်းနာရင်ကျပ်ရောဂါ အဆိုးဆုံးဖြစ်နေသည့်အခါတွင် နှလုံးခုန်နှုန်းမြန်လာခြင်း၊ အသက်ရှူမြန်ခြင်းနှင့် စိုးရိမ်ပူပန်ခြင်းကဲ့သို့သော နောက်ဆက်တွဲလက္ခဏာများ ခံစားရနိုင်သည်။

### ပန်းနာရင်ကျပ်ရောဂါကုသမှုနည်းလမ်းများ

အသက်ရှူရလွယ်ကူစေပြီး လေလမ်းကြောင်းကို ဖွင့်ပေးသည့် အောက်ဆီဂျင်ကုထုံးနှင့် ရင်ကျပ်ခြင်းကိုသက်သာစေသည့်ဆေးများ ပေးခြင်းဖြင့်ကုသနိုင်ပါသည်။ အသက်ရှူလမ်းကြောင်းအတွင်း ရောင်ရမ်းမှုကိုထိန်းချုပ်နိုင်ရန် Prednisolone ကဲ့သို့သော စတီးရွိုက်ဆေးများကို ပေးနိုင်သည်။ ဓာတ်မတည့်မှုများမှသက်သာစေရန် Antihistamine ကဲ့သို့ဆေးများပေးခြင်းဖြင့် ကာကွယ်ကုသနိုင်ပါသည်။

### ဆောင်းရာသီတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားခြင်းကို ရှောင်ကြဉ်ရန်နည်းလမ်းများ

အိပ်ရာခင်းများကို တစ်ပတ်လျှင်တစ်ကြိမ်ရေနွေးဖြင့်လျှော်ပါ။ အိမ်မွေးတိရစ္ဆာန်များကို အိပ်ခန်းအပြင်တွင်ထားပါ။ အိမ်တွင်းအစိုဓာတ်ထိန်းစက်(Humidifiers) ကို အသုံးပြုပါ။ ဖုန်မှုန့်များနှင့်မှိုများ၏ကြီးထွားမှုကိုဟန့်တားရန် အိမ်ကိုခြောက်သွေ့အောင်ထားပါ။ အိမ်တွင်းလေထုသန့်ရှင်းမှုရှိစေရန် ဖုန်စုပ်စက်ဖြင့် သန့်စင်ပေးပါ။ ဖုန်မှုန့်များနှင့်ဓာတ်မတည့်မှုရှိပါက နေ့ခင်းဘက်တွင် ခေါင်းအုံးနှင့်မွေ့ရာအဖုံးများကိုအသုံးပြုပါ။

ပန်းနာရင်ကျပ်ရောဂါလက္ခဏာများကို ရှောင်ရှားနိုင်သည့် အရေးကြီးဆုံးနည်းလမ်းတစ်ခုမှာ ဆရာဝန်ညွှန်ကြားသော ပန်းနာရင်ကျပ်ပျောက်ဆေးများကို နေ့စဉ် အချိန်မှန်သောက်သုံးခြင်းဖြစ်ပါသည်။ အေးသောရာသီဥတုတွင် မကြာခဏဖြစ်ပွားနေပါက ပန်းနာရင်ကျပ်ရောဂါကို ပိုမိုကောင်းမွန်စွာထိန်းချုပ်နိုင်စေရန် ဆရာဝန်နှင့်ဆွေးနွေး၍ ကုသမှုခံယူပါ။ မကုသဘဲထားပါက ထိန်းမရသောပန်းနာရင်ကျပ်ရောဂါသည် ရေရှည်တွင် အဆုတ်ကိုပျက်စီးစေနိုင်ပြီး အသက်ရှူရ ပိုမိုခက်ခဲစေနိုင်သည်။

### ဆောင်းရာသီတွင် ပန်းနာရင်ကျပ်ရောဂါကိုကာကွယ်ရန် အထောက်အကူဖြစ်စေမည့် အကြံပြုချက်များ

၁။ လက်ကိုမကြာခဏဆေးပါ။ တစ်ခုခုကိုကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေဖြင့် အနည်းဆုံးစက္ကန့် ၂၀ ကြာ သေချာစွာဆေးကြောခြင်း သို့မဟုတ် အပြင်ထွက်စဉ် လက်သန့်ဆေးရည်သုံးခြင်းသည် ရောဂါပိုးမွှားပျံ့နှံ့မှုကိုလျှော့ချပေးပြီး ဆောင်းရာသီတွင် ဖျားနာမှုများကို ကင်းဝေးစေနိုင်သည်။

၂။ နှစ်စဉ် တုပ်ကွေးကာကွယ်ဆေးထိုးပါ။

၃။ ဖျားနာနေသူများကိုရှောင်ပါ။ ချောင်းဆိုး၊ နှာချေသည့်အခါ ပါးစပ်နှင့်နှာခေါင်းကို တစ်ရှူး သို့မဟုတ် တံတောင်ဆစ်နှင့်အုပ်ပါ။ တစ်ရှူးများကို စနစ်တကျစွန့်ပစ်ပြီးလျှင် လက်ကိုချက်ချင်းဆေးကြောပါ။

၄။ အာဟာရပြည့်ဝအောင်စားပါ။ ရေများများသောက်ပါ။ ရေဓာတ်ထိန်းထားရန် စွပ်ပြုတ်ရည်၊ ဟင်းချိုများနှင့် ကဖိန်းဓာတ်မပါသော ရေနွေးကြမ်းများသောက်ပါ။

၅။ နွေးနွေးထွေးထွေးနေပါ။ ဆောင်းရာသီတွင် အနွေးအင်္ကျီ၊ ပဝါ၊ ဦးထုပ်နှင့်လက်အိတ်တို့ကိုဝတ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်းကို ပဝါ သို့မဟုတ် Mask ဖြင့် ဖုံးအုပ်ခြင်းက ရှူသွင်းလိုက်သည့် လေအေးကို နွေးထွေးစေသဖြင့် လေအေးကြောင့် ယားယံစေမည့်အန္တရာယ်ကို လျှော့နည်းစေသည်။ အပြင်ထွက်သည့်အခါ နှာခေါင်းဖြင့်အသက်ရှူပါ။

၆။ ဆောင်းရာသီတွင် ပြင်ပလေ့ကျင့်ခန်းလုပ်ရန် အဆင်မပြေပါက အိမ်အတွင်း သို့မဟုတ် Gym တွင် လေ့ကျင့်ခန်းလုပ်ပါ။ လေ့ကျင့်ခန်းလုပ်သောနေရာကို လေဝင်လေထွက်ကောင်းအောင်စီမံပါ။ လမ်းလျှောက်ခြင်း၊ ယောဂကျင့်ခြင်း၊ အေရိုးဗစ်၊ Tai Chi ကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုများကိုပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်ကို နွေးထွေးစေပါသည်။

၇။ စိတ်ဖိစီးမှုကိုလျှော့ချပါ။

၈။ အိမ်တွင်သို့မဟုတ် အပြင်ထွက်လျှင် ဆေးလိပ်ငွေ့နှင့် မီးခိုးငွေ့များကို ရှောင်ပါ။

၉။ ရှူဆေး (inhaler) ကို မိမိနှင့်အတူ အချိန်တိုင်းဆောင်ထားပါ။ အပြင်သို့ထွက်သောအခါတိုင်း ယူသွားပါ။ ပိုမိုဆိုးရွားသော ပန်းနာရင်ကျပ်ရောဂါလက္ခဏာများနှင့် ရုတ်တရက် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကိုရှောင်ရှားနိုင်ရန် အပြင်မထွက်မီ ၁၀ မိနစ်၊ ၁၅ မိနစ်အတွင်း Ventolin inhaler ကဲ့သို့ လေပြွန်အမြန်ကျယ်စေသော ရှူဆေးကိုအသုံးပြုနိုင်ပါသည်။

ပန်းနာရင်ကျပ်ရောဂါသည် နာတာရှည်ရောဂါဖြစ်သောကြောင့် အထူးဂရုစိုက်ရန်လိုအပ်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲနေထိုင်ပြီး ဆေးကုသမှုသေချာစွာခံယူ၍ ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာခြင်းဖြင့် ဆောင်းရာသီတွင် ပန်းနာရင်ကျပ်ရောဂါကို ကောင်းစွာထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**ဒေါက်တာသီဂီကျော်**

# ကော့မှူးမြို့နယ်၌ ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှု သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၃


ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (ကော့မှူး)နှင်းဆီခန်းမ၌ ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှု (Students Participation Initiatives –SPI) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကော့မှူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ဇော်ဖြိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နန္ဒကြည်က အခြေခံပညာကျောင်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန်၊ အစပျိုးလှုပ်ရှားမှုများလုပ်ဆောင်ရသည့် အကြောင်းရင်းများ၊ လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်စေရန်နှင့် ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှု (Students Participation Initiatives –SPI) အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အခြေခံပညာမူလတန်း(လွန်)ကျောင်းတို့မှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ပြီး သင်တန်းကို အခြေခံပညာအထက်တန်းကျောင်း(ကညင်ကူ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူခိုင်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဘောလုံးကွင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်စိုးတို့က သင်ကြားပို့ချပေးပြီး သင်တန်းကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# ရှင်ပင်ချမ်းသာကြီးဘုရားတွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်မည်



မင်းဘူး နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက်ရှိ မဟာသုခိတာရာမ ရှင်ပင်ချမ်းသာကြီး ဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ် ကြောင်း ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် အရှင်ပဏ္ဍိတထံမှ သိရသည်။

ရှင်ပင်ချမ်းသာကြီးဘုရားနှင့် ဂန္ဓကုဋိတိုက်၊ စေတီရံပေါင်း ၁၅ ဆူ၊ တန်ဆောင်းနှင့် အုတ်တံတိုင်းများတွင် ဆီမီးထွန်းညှိပူဇော် ခြင်းများ နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ပင် ယခုနှစ်တွင်လည်း ဆီမီး ထွန်းညှိပူဇော်ခြင်းများနှင့် ပဋ္ဌာန်းမြတ် ရွက်ဖတ်ပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်း ခြင်းအပြင် လျှပ်စစ်ရောင်စုံမီးပွင့်များ၊ မီးပန်း များဖြင့်အလှဆင်ကာ ဝေဝေဆာဆာဖြင့် ဘုရားဖူးလာပြည်သူများ ကြည်ညိုသဒ္ဓါပွား များနိုင်ရန် စည်ကားသိုက်မြိုက်စွာ ကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးသီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး သီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ပဲကြီး သီးနှံ ၃၆၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ယခုနှစ် အောက်တိုဘာလ မှစတင်စိုက်ပျိုးခဲ့ရာ နိုဝင်ဘာလ ၃ ရက် အထိ ပဲကြီးသီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။



"ပဲကြီးသီးနှံက ဈေးကောင်းလည်း ရရှိ တော့ မိုးရာသီနဲ့ ဆောင်းရာသီမှာ တောင်သူ တွေက အားထားစိုက်ပျိုးလုပ်ကိုင်ကြတယ်။ ဒီနေ့ထိ ပဲကြီးသီးနှံ ၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲကြီးသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်းနဲ့ သီးနှံ အရည်အသွေး ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ GAP စနစ်နဲ့ စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရန် သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း စတဲ့လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြဖို့ တောင်သူတွေ ကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေ ရေးနှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မား ရေးအတွက် ပဲကြီးသီးနှံအပါအဝင် မတ်ပဲ၊ စားတော်ပဲ၊ ပဲကျား၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ပဲပုပ်နှင့် အခြားပဲ စုစုပေါင်း ပဲမျိုးစုံသီးနှံဧက ၄၁၈၀၀ လျာထား စိုက်ပျိုးသွားမည်ဖြစ်ကာ သီးနှံအလိုက် သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုး နိုင်ရန်နှင့် အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုး ရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်း ကြီးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် စပါးအသင်းက အိမ်ကွင်း၌ အက်စ်တွန်ဗီလာအသင်းကို ဂိုးပြတ် အနိုင်ရရှိ

လန်ဒန် နိုဝင်ဘာ ၃

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် စပါး အသင်းအိမ်ကွင်း၌ စပါးအသင်းနှင့် အက်စ်တွန် ဗီလာအသင်းတို့ကစားခဲ့ရာ စပါးအသင်းက ၄ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရ သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံးအဓိက ကစား သမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး တိုက်စစ် ဖွင့်ပြီး အပြန်အလှန်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၃၂ မိနစ်တွင် မော်ဂန်ရော်ဂျာက အက်စ်တွန် ဗီလာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင် ခဲ့ပြီး စပါးအသင်းအနေဖြင့်လည်း ဂိုးသွင်းခွင့် အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာ မှုများကြောင့် ပထမပိုင်းတွင် အက်စ်တွန်ဗီလာ အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန် တွင် ချေပဂိုးနှင့် အနိုင်ဂိုးများလိုအပ်နေသည့် အိမ်ရှင် စပါးအသင်းက ပိုမိုတိုက်စစ်မြင့်တင် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် စပါးအသင်းနှင့်အတူ နောက်ပိုင်းပွဲစဉ်များတွင် သွင်းဂိုးများသွင်းယူနေသည့် ဂျွန်ဆင်က ဆွန်ယောင်မင်၏ ဖန်တီးပေးမှုမှတစ်ဆင့် စပါး အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

စပါးအသင်းက ချေပဂိုးရရှိခဲ့ပြီးနောက် တရစပ်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၅ မိနစ် နှင့် ပွဲချိန် ၇၉ မိနစ်တို့တွင် ဆိုလန်ကီက တစ်ကိုယ်တော်ခြေစွမ်းပြသပြီး သွင်းဂိုးနှစ်ဂိုး ဆက်တိုက်သွင်းယူနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို ၆ မိနစ်တွင် မက်ဒီဆင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် အသင်း အတွက် စတုတ္ထဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့် အတွက် ပွဲပြီးဆုံးချိန်တွင် စပါးအသင်းက အိမ်ကွင်း၌ အက်စ်တွန်ဗီလာအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့် ကာရာဘောင် ဖလားပြိုင်ပွဲတွင်လည်း မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ပြီး ယခုအခါ အက်စ်တွန်ဗီလာ အသင်းကိုလည်း ထပ်မံအနိုင်ရရှိခဲ့သည့် အမှတ်ပေးဖလားထိပ်ပိုင်းမှအသင်းများကို နှစ်ပွဲ ဆက်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စည်သူအောင်

## မီးထွန်းပွဲတော် နွဲပျော်သမယ တန်ဆောင်မုန်းလ

❖ ကထိန်တော် အလှူပွဲ
ဆင်နွှဲတဲ့ သည်ချိန်ခါ။
ကြတ္တိကာ နက္ခတ်နှင့်
စန်းမြတ်တို့ယှဉ်ကာ။
ကောင်းကင်က လစန္ဒာ
ညယံမှာ ထိန်ကာဝင်း။
ဆီးနှင်းမြူတိမ်နှင့်
အသူရိန် တကယ်ကင်းတယ်
ရှင်းသန့်လေခြင်း။

❖ မသိုးသင်္ကန်းကိုဖြင့်
လှူဒါန်းတဲ့ သည်ရာသီ။
နက္ခတ်တော် သဘင်ပွဲ
နွှဲပြန်တော့သည်။
ခဝဲပန်းတွေက ဝေဝေစီ
ကြာဖြူနီတွေက ကြိုင်ကာသင်း။
သနပ်ခါး ပန်းတွေနဲ့
နှင်းပန်းတွေ ဖြူဖြူဖွေးလို့ရယ်
မွှေးလှလေခြင်း။

❖ မီးထွန်းပွဲတော်ကျင်းပ
တန်ဆောင်မုန်းလ အချိန်ခါ။
ပုံသကူ ကုသိုလ်မှုကို
ပြုကြပြန်တာ။
သာမညဖလ အချိန်ခါ
လပြည့်ညမှာ ကျင်းပမြဲ။
မြောက်ပြန်လေညင်းရယ်နှင့်
ကောက်နံ့တွေဝင်းကာ
ဘယ်ညာတိမ်းလို့ရယ်
ယိမ်းကနေဆဲ။ ။

ရှင်နှောင်း

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၁၁-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၇:၂၀ | မေ့ပူဇာတေး |
| ၂။ | ၇:၃၅ | မျိုးချစ်တပ်မတော် |
| ၃။ | ၈:၀၅ | အမျိုးသားရေး တေးကဗျာ |
| ၄။ | ၈:၁၅ | သီချင်းလက်ဆောင် |
| ၅။ | ၉:၁၅ | ကျန်းမာသုတ |
| ၆။ | ၉:၃၅ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း |
| ၇။ | ၁၉:၀၀ | ရုပ်မြင်သံကြား ဇာတ်လမ်း ဘီသိက်ပြိုင် (ပထမပိုင်း) သရုပ်ဆောင် မိုးဒီ၊ ဇော်ဝင်းနိုင် ဒါရိုက်တာ - ညဏတင်စိုး |

# မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များ (၁၆၁) ကြိမ်မြောက် ဒေသစာရီကြွချီအပူဇော်ခံယူပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃


ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူသော မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များ (၁၆၁) ကြိမ်မြောက် မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲကို နိုဝင်ဘာလ ၁၄ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) မှ နိုဝင်ဘာလ ၁၆ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြသိန်းတန်ဘုရားကြီးကျောင်းတိုက် ဂေါပကအဖွဲ့မှ သိရသည်။

မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲမစတင်မီ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နှင့် တန်ဆောင်မုန်းလဆန်း ၁၃ ရက်တို့တွင် အမှတ်(၂) ရပ်ကွက် ဈေးဟောင်းရှေ့ ယာယီမဏ္ဍပ်၌ နှစ်ညတာ ကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ရာ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အရှင်သူမြတ်များက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်ရွတ်အဖွဲ့များက အလှည့်ကျပူဇော်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။ မြို့တွင်းသို့ တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ ဒေသစာရီကြွချီရာတွင်လည်း သက်ဆိုင်ရာရပ်ကွက်များအလိုက် ခေတ္တကိန်းဝပ်စံပယ်တော်မူရန် ယာယီမဏ္ဍပ်ဆောင်များဆောက်လုပ်ကာ အပူဇော်ခံခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၆၁) ကြိမ်မြောက်အထိရှိပြီဖြစ်သည်။ မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံယူရာတွင်လည်း နှစ်စဉ် ရပ်ကွက်နေပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုက်ပါပို့ဆောင်သည့် ဘုရားဂေါပကအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များကို အလှူရှင်များက စားသောက်ဖွယ်ရာများလှူဒါန်းခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၇၄၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့




ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်စတော့အိတ်ချိန်း၌ အောက်တိုဘာလနောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၇၄၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ အောက်တိုဘာလ ၂၈ ရက်မှ ၃၁ ရက်အတွင်း ငွေကျပ် သိန်း ၇၄၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၂၉၁၇ စောင်အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၀၅၂၀၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၂၅၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၃၇၃၁၅၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၁၃၃၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၂၂၈၄၈၀၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင်ရေ၂၇၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၄၁၅၉၃၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၀၈၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၆၇၂၀၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင်ရေ ၁၂၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၆၂၈၂၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၇၉၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၄၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၇၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၂၄၄၅၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၇၇၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်တာ ကာလအတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီနှစ်ခုမှအပ ကျန်ကုမ္ပဏီခြောက်ခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

သို့သော် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စုစုပေါင်းစတော့ရှယ်ယာအစောင်ရေ ၁၀၀၀ ကျော် ပိုမိုအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# ညောင်ရွှေမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

ညောင်ရွှေ နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ထပ်တိုး အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာနှစ်ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအား ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့်ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၂ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် သင်တန်းဖွင့်လှစ်ပို့ချရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ငွေစာရင်းပုံစံစာအုပ်ဖြည့်သွင်းနည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းကို သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရန် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မကွေး နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အိုင်ကြီးကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းနှင့် Pipe Culvert နှစ်စင်း တည်ဆောက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးမျိုးအောင်၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေးနှင့် တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အိုင်ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ ကျောက်ရောမြေ ထု ၂ ပေနှင့် မြေနီကျောက်စရစ် ၉ လက်မခင်းခြင်း၊ အကျယ် ၂ ပေ၊ အရှည် ပေ ၂၀ ရှိ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၀၇ ဒသမ ၁၃၆ သန်းဖြင့် တင်ဒါအောင်မြင်သော Dears Brain ကုမ္ပဏီက ဇွန်လဒုတိယပတ်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၅၇ အိမ်မှ လူဦးရေ ၆၇၁ တို့၏ လယ်ယာမြေဧက ၁၃၀ မှ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ**

# တိုးတက်ပြောင်းလဲလာသော စာကြည့်တိုက်ဝန်ဆောင်မှုများဖြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

ဒေါက်တာကေသီအေး



နိုင်ငံတစ်နိုင်ငံ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအတွင်း စာပေပြန့်ပွားတိုးတက်မှုအပေါ် မှီတည်နေပါသည်။ စာကြည့်တိုက်အမျိုးအစားအမျိုးမျိုးရှိပြီး မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များအနေဖြင့် စာပေအသိပညာဗဟုသုတများပြန့်ပွားရန်၊ စာပေဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်တို့ကို နည်းအမျိုးမျိုးနှင့် ဆောင်ရွက်လျက်ရှိကြသည်။

အမျိုးသားစာကြည့်တိုက်သည်လည်း နိုင်ငံကိုကိုယ်စားပြုသည့် နိုင်ငံတော်အဆင့်စာကြည့်တိုက်တစ်ခုအဖြစ်ဖြင့် စာပေအမွေအနှစ်များကို ထိန်းသိမ်းနိုင်ရုံမကဘဲ နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်း သယ်ဆောင်ပေးလျက်ရှိသည်။

ယနေ့ခေတ်တွင် ခေတ်မီသတင်းအချက်အလက်နည်းပညာတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ စာကြည့်တိုက်အများစုတွင်လည်း စုဆောင်းထားရှိသည့် စာပေပစ္စည်းအထောက်အထားများကို ဒစ်ဂျစ်တယ်ပုံစံပြောင်းလဲထိန်းသိမ်း၍ ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်ဝေမျှမှုများကို ခေတ်မီဒစ်ဂျစ်တယ်စနစ်သုံး စာကြည့်တိုက်များအဖြစ်ပြောင်းလဲဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်သည် ဘားနတ်စာကြည့်တိုက်မှ စာစုကိုအရင်းတည်၍ ဖွင့်လှစ်သော စာကြည့်တိုက်ဖြစ်သည်။ ၁၈၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဝန်ရှင်တော်မင်းကြီး ဆာချားအက်ဒွပ်ဘားနတ် (Sir Charles Edward Bernard) နှင့် အောက်မြန်မာပြည်တရားပိုင်မင်းကြီး ပညာရေးဆင်ဒီကိတ်အဖွဲ့ဝင်ဥက္ကဋ္ဌ ဆာဂျွန်ဂျာဒင်း (Sir John Jardine) တို့က အမှူးပြု၍ "ဘားနတ် အခလွတ်စာကြည့်တိုက်"ကို ဖွင့်လှစ်ခဲ့သည်။

လွတ်လပ်ရေးရပြီးကာလ ၁၉၅၂ ခုနှစ် ဇွန်လ ၁ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နိုင်ငံတော်စာကြည့်တိုက်၊ ၁၉၆၄ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်ဟူသော အမည်များဖြင့် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

အမျိုးသားစာကြည့်တိုက်သည် နေရာအသီးသီးပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါ အများပြည်သူသွားလာရလွယ်ကူသောနေရာဖြစ်သည့် ရန်ကုန်မြို့လယ် ကုန်သည်လမ်းပေါ်တွင်ရှိသည့် ယခင်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးချုပ်အဖြစ်အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံခဲ့သည်။ ထို့နောက် ခေတ်မီစာကြည့်တိုက်တစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်၍ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အများပြည်သူအား ဝန်ဆောင်မှုပေးနိုင်ခြင်းသည်လည်း ဂုဏ်ယူစရာတစ်ခုဖြစ်ခဲ့ပါသည်။ ခေတ်မီအမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အအုံသည် လေးထပ်အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် Data Center, CCTV Control Room စာအုပ်စင်ခန်းများနှင့် Exhibition Hall တို့ဖြင့် ဖွဲ့စည်းထားပါသည်။ Exhibition Hall တွင်လည်း အခမ်းအနားများ၊ ပြပွဲများ၊ ပွဲတော်များ ကျင်းပနိုင်သည်။

ပထမထပ်တွင် Multimedia Room, Audio & Video Room, Digital Library Room နှင့် ညီလာခံခန်းမ (Conference Hall) စသည်တို့ဖြင့် ဖွဲ့စည်းထားသည်။

Digital Data Base များကို အများပြည်သူအသုံးပြုနိုင်စေရန် Multimedia Room တွင် စီစဉ်ထားရှိသည်။ Audio & Video Room တွင် မှတ်တမ်းရုပ်ရှင်နှင့် သတင်းကားများ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ Documentary Film များ စုဆောင်းထားရှိပြီး အပတ်စဉ် စနေနေ့ မွန်းလွဲပိုင်းတွင် မှတ်တမ်းရုပ်ရှင်ပြသခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းပြသမည့်အစီအစဉ်ကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) လူမှုကွန်ရက်စာမျက်နှာ (National Library – Yangon Facebook Page) မှ အပတ်စဉ် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။





Digital Library Room တွင် အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် စာပေပစ္စည်းများ၊ အခြား Electronic Form ဆောင်ရွက်ပြီးဖြစ်သည့် Digital စာစုများကို စာဖတ်သူများအနေဖြင့် စာကြည့်တိုက်တွင် လာရောက်အသုံးပြုနိုင်သကဲ့သို့ Online မှ မည်သူမဆို အခမဲ့ဖတ်ရှုနိုင်ပါသည်။

အွန်လိုင်းမှ အသုံးပြုရှာဖွေသူများအနေဖြင့် စာကြည့်တိုက်ပိုင် စာပေပစ္စည်းများ၏ အွန်လိုင်းကက်တလောက် အချက်အလက်များကို အမျိုးသားစာကြည့်တိုက် website www.nlm.gov.mm တွင် ဝင်ရောက်၍ Online Public Access Catalogue (OPAC) တွင် စာအုပ်ကက်တလောက်ပေါင်း တစ်သိန်းကျော်ကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် ဒစ်ဂျစ်တယ်စာစုများဖြစ်သည့် စာအုပ်၊ စာနယ်ဇင်း၊ စာပေဆိုင်ရာ စသည့် e-Resources ပေါင်း ၂၀၀၀၀ ကျော်အား ချိတ်ဆက်ဆောင်ရွက်ထားပြီး စာကြည့်တိုက်အသုံးပြုသူများအနေဖြင့် အမျိုးသားစာကြည့်တိုက် Website ရှိ NL e-Resources နှင့် Quick Links တို့တွင် ဝင်ရောက်ရှာဖွေအသုံးပြုနိုင်သည်။

| အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ E-resources များ (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ) | | |
|---|---|---|
| **စဉ်** | **Library Website www.nlm.gov.mm နှင့်စာကြည့်တိုက်တို့တွင် အသုံးပြုနိုင်သည့် E-resources များ** | **e-resources အရေအတွက်** |
| ၁။ | စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာအစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာစာစုများ၊ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေ | ၂၀,၁၁၈ |
| ၂။ | IG Publishing E-Books Database (အာရှဒေသတွင်းနိုင်ငံများဆိုင်ရာစာအုပ်များ)(ကလေးစာပေဆိုင်ရာ Audio နှင့် e-Books) | ၃၁,၇၃၁ |
| ၃။ | အွန်လိုင်းကက်တလာက် (OPAC Catalogue) | ၁၀၈,၁၂၆ |
| **စဉ်** | **စာကြည့်တိုက်တွင်သာ လာရောက်အသုံးပြုဖတ်ရှုနိုင်သည့် Digital Databases** | **e-resources အရေအတွက်** |
| ၁။ | E-Tekkaatho Digital Database (ပညာရေးဆိုင်ရာ ဆောင်းပါး၊ သင်ရိုး၊ သင်ခန်းစာ၊ စာအုပ်) | ၇,၀၀၀ |
| ၂။ | Research 4Life Database | ၂၂,၀၄,၀၆၇ |

ထို့ပြင် IG Publishing Database ကိုလည်း National Library Website တွင် အများပြည်သူအသုံးပြုဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိသည်။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) Website www.nlm.gov.mm တွင် OPAC Catalogue နှင့် e-resources များအား ဝင်ရောက်အသုံးပြုသူများအနေဖြင့် User Name နှင့် Password များအသုံးပြုရန်မလိုဘဲ Library Home Page ရှိ Resources မှတစ်ဆင့် အခမဲ့ အလွယ်တကူအသုံးပြုနိုင်သည်။

ပထမထပ်ရှိညီလာခံခန်းမ (Conference Hall) သည် လူဦးရေ ၂၅၀ ဆံ့ ခန်းမတစ်ခုဖြစ်ပြီး စာကြည့်တိုက်ပညာရပ်ဆိုင်ရာနှင့် သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလေ့ရှိသည်။

ဒုတိယထပ်တွင် ရည်ညွှန်းစာဖတ်ခန်း၊ အထွေထွေ



ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာ အစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာစာစုများ၊ ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာဖတ်ခန်းနှင့် ပေ၊ ပုရပိုက်နှင့် ရှားပါးစာစုများ စာဖတ်ခန်းတို့ထားရှိသည်။ ရည်ညွှန်းစာဖတ်ခန်းတွင် ရည်ညွှန်းအမျိုးအစားအလိုက် **စာမျက်နှာ ၁၂ သို့** ●

● **စာမျက်နှာ ၁၁ မှအဆက်**

စာအုပ်များကိုစီစဉ်ထားရှိ၍ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာစာအုပ်များ၊ အာဆီယံနှင့် ကုလသမဂ္ဂဆိုင်ရာစာအုပ်များနှင့် လတ်တလော အသစ်ထွက်ရှိသည့် စာအုပ်၊ စာနယ်ဇင်းများကို ဖတ်ရှုနိုင်ရန် စီစဉ်ထားရှိသည်။

အထွေထွေစာဖတ်ခန်းတွင်လည်း စာအုပ်၊ စာနယ်ဇင်းများကိုထားရှိပြီး ပညာရပ်အလိုက် စင်တင်ထားရှိ၍ ဖတ်ရှုလိုသည့် စာအုပ်များကို စာဖတ်သူကိုယ်တိုင်ရွေးချယ်ရယူနိုင်ပြီး ယင်းစာဖတ်ခန်းရှိ စာအုပ်များအား ငှားရမ်းဖတ်ရှုလိုပါက အသင်းဝင်ကတ်ပြုလုပ်၍ စာငှားစည်းမျဉ်း သတ်မှတ်ချက်အတိုင်း ငှားရမ်းနိုင်မည်လည်း ဖြစ်သည်။

ရှားပါးစာနယ်ဇင်းနှင့် ပေ၊ ပုရပိုက်များကို ဒုတိယထပ်တွင် သီးခြားစာဖတ်ခန်းထားရှိ၍ သုတေသီများ၊ ပညာရှင်များနှင့် အများပြည်သူဖတ်ရှုလေ့လာနိုင်စေရန်အတွက် သီးခြားစာဖတ်ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

တတိယထပ်တွင်မူ ကလေးစာကြည့်တိုက်စာဖတ်ခန်းနှင့် ပုံပြောခန်း၊ မသန်စွမ်းသူများစာဖတ်ခန်း၊ အထူးစာဖတ်ခန်းများ စီစဉ်ထားရှိသည်။

ကလေးစာကြည့်တိုက်တွင် ကလေးများအတွက် ပြည်တွင်း၊ ပြည်ပမှထုတ်ဝေသည့် ကလေးစာပေဆိုင်ရာ စာအုပ်၊ ဂျာနယ်၊ ကာတွန်းရုပ်ပြနှင့် သင်ကြားရေးအထောက်အကူပြု စာအုပ်၊ စာစောင်များကိုစီစဉ်ထားရှိပြီး အပတ်စဉ် စနေနေ့ မွန်းလွဲပိုင်းတွင် ပုံပြောခြင်းနှင့် စာဖတ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးစာကြည့်တိုက်အသင်းဝင်များအနေဖြင့်လည်း ဖတ်ရှုလိုသည့် စာအုပ်များကို အသင်းဝင်ကတ်ဖြင့် ငှားရမ်းဖတ်ရှုနိုင်သည်။

မသန်စွမ်းသူများ စာဖတ်ခန်းတွင် အမြင်အာရုံချို့ယွင်းသူများ ဖတ်ရှုနိုင်ရန် မျက်မမြင်စာဖြင့်ရေးသားထားသည့် စာအုပ်များ၊ Audio Book များ၊ MP3 Player နှင့် DVD Player များ ထားရှိပြီး



စာကြည့်တိုက်မှူးများနှင့်အတူ စာဖတ်ခြင်းအစီအစဉ်များ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

စာကြည့်တိုက်ဖွင့်ချိန်မှာ နေ့စဉ် အင်္ဂါနေ့မှ စနေနေ့အထိ (နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီထိ) ဖွင့်လှစ်ပေးလျက်ရှိပြီး တနင်္ဂနွေနေ့၊ တနင်္လာနေ့နှင့် အစိုးရပြန်တမ်းဝင် ရုံးပိတ်ရက်များမှာ စာကြည့်တိုက်ပိတ်ရက်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင်ဆောင်ရွက်ထားရှိသည့် Digital Database လေးခုအနက် နှစ်ခုဖြစ်သည့် အမျိုးသားစာကြည့်တိုက်ပိုင် e-resources ပေါင်း ၂၀၀၀၀၀ ကျော်နှင့် IG Publishing Database ၏ E-Books ပေါင်း ၃၀၀၀၀၀ ကျော်ဖြစ်သည့် Asian Literature Collection၊ Rare Books On Asian Literature၊ Children's Literature Collection၊ Children's Literature Collection-Audio စသည်တို့ကို website တွင်ဖြစ်စေ၊ စာကြည့်တိုက်တွင် လာရောက်၍ဖြစ်စေ နှစ်နေရာစလုံးတွင် ရယူအသုံးပြုနိုင်သည်။

သို့သော် အခြား Digital Library Database (၂) ဖြစ်သည့် eTekkatho MyLibrary နှင့် Research 4Life Database တို့ကိုမူ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အနေဖြင့် သီးသန့်အသုံးပြုခွင့် User-Name၊ Password တို့ဖြင့် ခွင့်ပြုချက်ရရှိဆောင်ရွက်ထားပါသဖြင့် စာဖတ်သူများအနေဖြင့် ယင်း Digital Data Base များကိုမူ စာကြည့်တိုက်တွင်သာ လာရောက်အသုံးပြုနိုင်မည်ဖြစ်သည်။

eTekkatho MyLibrary သည် အဓိကအားဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ မူလတန်းမှ အထက်တန်းအထိ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးများအတွက် ပညာရေးဆိုင်ရာအချက်အလက် အကြောင်းအရာများ၊ အင်္ဂလိပ်ဘာသာစကားများကို ရှာဖွေလေ့လာဖတ်ရှုနိုင်သည့် Database တစ်ခုဖြစ်သည်။ eTekkatho MyLibrary တွင် ပညာရပ်ပေါင်း ၁၇၀၀ ကျော်ရှိပြီး Full text ဖတ်ရှုနိုင်သည့်အပြင် Download ပြုလုပ်နိုင်သည်။



Research 4 Life သည် WHO, FAO, UNEP, ILO အစရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် Microsoft ကဲ့သို့ ကုမ္ပဏီများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပေါင်းစည်းထားသော အစီအစဉ်တစ်ခုဖြစ်သည်။ ဆေးပညာဆိုင်ရာများ၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ အစားအစာ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးသိပ္ပံအကြောင်းအရာများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရူပဗေဒ၊ ဓာတုဗေဒကဲ့သို့သော သိပ္ပံပညာရပ်ဆိုင်ရာများ၊ ဖန်တီးမှု၊ ဆန်းသစ်တီထွင်မှုဆိုင်ရာများကို ကာကွယ်ပေးထားသည့် အကြောင်းအရာများ၊ ဥပဒေနှင့် လူမှုရေးသိပ္ပံဆိုင်ရာပညာရပ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ ဒဿနိကဗေဒ၊သမိုင်းနှင့် အခြားသောပညာရပ်ဆိုင်ရာ ထုတ်ဝေသူများ၏ သုတေသနဆောင်းပါးများစသည့် အကြောင်းအရာ၊ ပညာရပ်ပေါင်းများစွာ၏ နှစ်စဉ်တွေ့ရှိချက်များနှင့်ပတ်သက်၍ ထုတ်ဝေသည့် စာအုပ်၊ စာနယ်ဇင်းပေါင်းများစွာကို လေ့လာသိရှိနိုင်သည်။

ထို့ပြင် အမျိုးသားစာကြည့်တိုက်ရှိ e-resource အသွင် ဆောင်ရွက်ပြီး ပေ၊ ပုရပိုက်နှင့် ရှားပါးစာအုပ်၊ စာနယ်ဇင်းများ၏ URL Link များကိုလည်း ASEAN Digital Library Portal သို့ ပေးပို့ချိတ်ဆက်ခြင်းဖြင့် မြန်မာ့စာပေအမွေအနှစ်များအား နိုင်ငံတကာမှ လေ့လာသိရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။



စာပေပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း၊ စာကြည့်တိုက်လှုပ်ရှားဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစာကြည့်တိုက်များနှင့်ချိတ်ဆက်၍ စာကြည့်တိုက်ပညာရပ်ဆိုင်ရာ လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းအသီးသီးကို နည်းပညာပံ့ပိုးမှုများနှင့်အတူ ပိုမိုထိရောက်စွာ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့သည့်အတိုင်း ခေတ်မီဒစ်ဂျစ်တယ်စာကြည့်တိုက်တစ်ခုအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အနေဖြင့် စာကြည့်တိုက်အသင်းဝင်များဖိတ်ခေါ်၍ စာငှားဝန်ဆောင်မှုကို ၂၀၂၃ ခုနှစ် မေလမှစတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ အသင်းဝင်ပေါင်း အမျိုးသားစာကြည့်တိုက်အသင်းဝင် ၁၆၀ ဦးနှင့် ကလေးစာကြည့်တိုက်အသင်းဝင် ၂၅ ဦး စုစုပေါင်း ၁၈၅ ဦး ရှိပြီဖြစ်သည်။

ထို့ပြင် စာဖတ်သူအလိုရှိသည့် စာပေပစ္စည်းများ၏ အချက်အလက်များကို အွန်လိုင်းမှပေးပို့သည့် Document Delivery Service ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ အွန်လိုင်းဝန်ဆောင်မှုတစ်ခုဖြစ်သည့် ရည်ညွှန်းမေးခွန်းများနှင့် စာဖတ်သူသိရှိလိုသည်များကို Library Website ရှိ Ask a Librarian တွင် ဝင်ရောက်မေးမြန်းနိုင်သည်။

| ခုနှစ် | Website မှ ဖတ်ရှုသူ(ဦးရေ) | စာကြည့်တိုက်တွင်လာရောက် ဖတ်ရှုသူ(ဦးရေ) | | စုစုပေါင်း (ဦးရေ) |
|---|---|---|---|---|
| ၂၀၂၁ | ၈၅,၉၄၅ | ၉၄၁ | | ၈၆,၈၈၆ |
| ၂၀၂၂ | ၂၉,၃၀၉ | ၇,၅၇၀ | | ၃၆,၈၇၉ |
| ၂၀၂၃ | ၂,၂၁,၀၁၃ | ၁၄,၉၂၄ | | ၂၃၅,၉၃၇ |
| ၂၀၂၄ | ၁၆၈,၇၀၆ | လာရောက်ဖတ်ရှုသူ | ၁၀,၈၃၇ | ၁၈၀,၃၅၁ |
| | | အသင်းဝင်ကတ်ဖြင့်ငှားရမ်းသူ | ၈၀၈ | |

မေးမြန်းလိုသူများအနေဖြင့် ဦးစွာမေးမြန်းစုံစမ်းခြင်းကို စာကြည့်တိုက် website ရှိ Query Form (သို့) မေးမြန်းစုံစမ်းလွှာပုံစံကိုအသုံးပြု၍ မေးခွန်းများကို တင်ပြမေးမြန်းနိုင်သည်။ မေးမြန်းလာသည်များကို ပုံမှန်အားဖြင့်တစ်ပတ်အတွင်း nlm.reference@gmail.com မှ ပြန်လည်ဖြေကြားခြင်းကို ဆောင်ရွက်ပေးနေပါသည်။

ယခုကဲ့သို့သော စာကြည့်တိုက်ဝန်ဆောင်မှုများအား အများပြည်သူအတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ ဆောင်ရွက်ထားရှိမှုများအား ပြည်သူများသိရှိအသုံးပြုနိုင်စေရန်အလို့ငှာ အသိပေးရေးသားလိုက်ရပါသည်။ ။

ရှေ့ဖုံးမှအဆက်

"အိမ်မဲမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ တစ်မြို့နယ်လုံးအနေနဲ့ သီးနှံစုံ ၁၄၄၃၀၉ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်"ဟု ဦးကျော်မိုးဝင်းကပြောသည်။

အိမ်မဲမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် တခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

## ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၃-၁၁-၂၀၂၄ ရက်နေ့အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | မှတ်ချက် |
|---|---|---|
| ဟားခါးမြို့ | ၅.၆ | ပထမအနည်းဆုံး |
| တီးတိန်မြို့ | ၁၀.၃ | ဒုတိယအနည်းဆုံး |
| လွိုင်လင်မြို့ | ၁၁.၆ | တတိယအနည်းဆုံး |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၁၂.၃ | |

# ရာဂိမုန်တိုင်းကြောင့် ရေဘေးသင့်ကွယ်လွန်သွားကြသူများအား ရည်စူးပြီး ကောင်းမှုကုသိုလ်များဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၃



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဝိဇ္ဇာကာသိ သိရီကမ္မဋ္ဌာနာစရိယ (သီရိလင်္ကာနိုင်ငံ) Ph.D (Social Science),Ph.D(Vipassan Bhvan)Thailand နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဘွဲ့ တံဆိပ်တော်ရပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ထေရ်ရှင်မြတ်အားအမှူးထားပြီး ရာဂိမုန်တိုင်းကြောင့် ရေဘေးသင့်ကွယ်လွန်သွားကြသူများအားရည်စူးပြီး ကောင်းမှုကုသိုလ်များဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် အောင်ဆန်းတောရတပ်ဦးကျောင်းတွင်ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် အလှူရှင်နှင့်ဧည့်ပရိသတ်များက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အောင်ဆန်းတောရ တပ်ဦးကျောင်းဆရာတော်ကြီးနှင့်ပင့်သံဃာတော်များအား မတည်အလှူရှင် ဦးအောင်ဆွေဦး(Myanmar united Asia Co.,Ltd.)နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် အလှူရှင်များနှင့်ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာနှင့် ရေစက်ချတရားတော်များကို အောင်ဆန်းတောရကျောင်းဆရာတော်ကြီးထံမှနာယူခဲ့ကြပြီး ရာဂိမုန်တိုင်းကြောင့်ရေဘေးသင့်ကွယ်လွန်သွားကြသူများအား ဆုတောင်းအမျှပေးဝေခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(ယမန်နေ့မှအဆက်)

**သ**ကို ကု**သ**၊ ပို့**သ**၊ ပိုင်**သ** တို့အပြင် ဆက်**သ**၊ နှံ့**သ**၊ နှင်း**သ**၊ ပ**သ** ဟူ၍လည်းကောင်း၊ ပီ**သ**၊ ပြ**သ** ဟူ၍လည်းကောင်း သုံးနှုန်းကြသည်ကို ထောက်လျှင် သ၏ အနက်သည် ဆက်စပ်ပေါင်းစည်းဖြစ်ကြောင်း ထင်ရှားသိသာပါသည်။ **သ**ကို ဆက်၊ ကု၊ ပို့၊ ပိုင်၊ နှံ့၊ နှင်း၊ ပတို့နှင့် တွဲယှဉ်၍ သုံးကြရာတွင် ဆက်နှင့်အများဆုံး တွဲပြီးသုံးသဖြင့် သ၏ အဓိပ္ပာယ်သည် ဆက်နှင့် ထပ်တူကျနေသည်ကို တွေ့ရပါမည်။ ထို့အတူပင် ပို့နှင့်တွဲ၍သုံးသဖြင့် **သ**၏အနက်သည် **ပို့**နှင့်အနက်တူသည်ဟုပင် ထင်မှတ်ရပေသည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ပို့သသည်ဟူသော အရာ၌ **ပို့**သည်ကိုပင် **သ**သည်ဟူသော ဆိုမိန့်ခြင်းဖြစ်၏။ ပရိယာယ်တူအနက်ဖြစ်၏"ဟု မိန့်ဆိုခဲ့ပါသည်။

**သ** ၏ တိုင်သံတစ်ခုမှာ **သတ်**ဖြစ်သည်။ **သတ်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် **သတ်**၊ ကြိ– ၁၊ သေအောင်ပြုသည်။ ၂၊ ငြိမ်းစေသည်။ "မီးသတ်သည်။" ၃၊ မူလဓာတ်အခိုးအနံ့စသည်ကို ပြယ်အောင်ပြုသည်။ "ဆီသတ်သည်။" ၄၊ ဗျည်းအက္ခရာ တစ်ခုခုတွင် သရသံမရှိကြောင်း တံခွန်အမှတ်ပြသည်။ ၅၊ ရနံ့စွဲစေသည်။ "စံပယ်နံ့သတ်သည်။" ၆၊ ရိုက်နှက် ထိုးကြိတ်လုံးထွေးသည်။ ၇၊ ကန့်သတ်ပိုင်းခြားသည်။ "ရက်သတ်သည်။ စည်းကမ်းသတ်သည်။" ဟု ပြထားပါသည်။ အားလုံး၏အနက်ရင်းမှာ ပေါင်းစည်းခြင်းပင်ဖြစ်သည်။

ထင်ရှားသော သာဓကပြရလျှင် "ရနံ့စွဲစေသည်" ဟုဆိုရာ၌ စံပယ်နံ့**သတ်**သည်ကို သာဓကပြထားသည်။ စံပယ်နံ့**သတ်**သည် ဆိုသည်မှာတစ်စုံတစ်ရာတွင် အမွှေးရနံ့ဖြစ်သော စံပယ်နံ့ကို စွဲစေအောင်၊ ထုံအောင်ပြုခြင်းပင် ဖြစ်သည်။ စံပယ်နံ့ စွဲအောင်၊ မြဲအောင် စံပယ်နံ့ထုံအောင် ပေါင်းစည်းခြင်းပင်ဖြစ်သည်။

အားလုံးကိုချုပ်၍ ဆိုရသော် သ၊ သက်၊ သတ်၊ သပ် တို့၏ အနက်ရင်းသည် ပေါင်းစည်းခြင်းပင်ဖြစ်သည်။

### ဟ

**ဟ**၏အနက်လည်း'ပေါင်းစည်းခြင်း'ပင်ဖြစ်သည်။မြန်မာအဘိဓာန်တွင် **ဟ**၏ အဓိပ္ပာယ်ကို ကြိယာအဖြစ် ၁၊ မစေ့။ လပ်သည်။ ၂၊ စေ့နေသောအရာကို လှပ်သည်။ ဖွင့်သည်။ ၃၊ ထုတ်၍ပြောဆိုသည်။ "တစ်ခွန်းမျှမဟာနှင့်"ဟူ၍ ဖွင့်ဆိုထားပါသည်။ **လပ်**သည်၊ **လှပ်**သည်၊ **ပြော**သည်ဟု ဆိုလိုပါသည်။

အရာဝတ္ထုနှစ်ခုသည် တစ်ခုနှင့်တစ်ခု မစေ့မစပ်မထိဘဲရှိလျှင်လည်းကောင်း၊ အရာဝတ္ထုတစ်ခုတည်းတွင်ပင် အက်ကြောင်းကွဲကြောင်းကြောင့် မစေ့မစပ်ဘဲရှိလျှင်လည်းကောင်း ဟသည်ဟု ဆိုသည်။ ဤတွင် ဟသည်ဟုဆိုလျှင် အရာဝတ္ထုနှစ်ခုရှိနေမည်။ သို့မဟုတ် အရာဝတ္ထုတစ်ခုတည်းသည်ပင် တစ်ခြမ်းနှင့်တစ်ခြမ်းကွဲသို့ နှစ်ကွဲနှစ်ခြမ်းဖြစ်နေမည်ဖြစ်သည်။ တစ်နည်းဆိုသော် နှစ်ခု၊ နှစ်ကွဲကို မစေ့ခြင်း၊ ဟခြင်းဖြင့် ဆက်သွယ်ပေးခြင်း ပေါင်းစည်းပေးခြင်းဖြစ်သည်။

**ဟ** သည်ဆိုသောစကားတွင် သုဒ္ဓနက် ကာရိုက်နက်ဟု နှစ်နက်ရှိသည်။ တံခါး**ဟ**နေသည်ဟုဆိုလျှင် တံခါးလပ်နေသည်။ ပွင့်နေသည်ဟူသော သုဒ္ဓနက်ဖြစ်၍ တံခါးကို**ဟ**လိုက်ပါဟုဆိုလျှင် တံခါးလှပ်လိုက်ပါ။ ဖွင့်လိုက်ပါဟု ကာရိုက်နက်ဖြစ်သည်။

စင်စစ်**စေ့**ခြင်း **ဟ**ခြင်းသည် ပေါင်းစည်းလျက်ရှိနေသည်။ စေ့ခြင်းရှိမှသာ ဟခြင်းရှိ၍ ဟခြင်းရှိမှသာလည်း စေ့ခြင်းရှိနိုင်ပေသည်။ စေ့ခြင်းနှင့် ဟခြင်းတို့သည် ပေါင်းစည်းလျက်ရှိနေသည်။

**ဟ**၏ အနက်တစ်ခုမှာ ပြောဖြစ်သည်။ လူတို့ပါးစပ်ဟခြင်းသည် နှုတ်မှ အသံထွက်ပေါ် လာစေသဖြင့် **ဟ**သည်ဟုဆိုလျှင် ပြောသည်ဟု အဓိပ္ပာယ်ရသည်။ ရှေးအခါကသော် ပွက်နှင့်တွဲ၍ ပွက်ဟဟု သုံးနှုန်းလေ့ရှိသည်။ ပွက်ကလည်း ပေါ်ထွက်စေသည့်သဘော ဟကလည်း ပေါ်ထွက်စေသည့်သဘော ဖြစ်သဖြင့် ပွက်နှင့်ဟကို တွဲဖက်၍ **ပွက်ဟ** ဟုဆိုသည်။ ယခုအခါ ဟကို မနှင့်ဖလှယ်၍ **မွက်ဟ**ဆိုသည်။ တစ်ဖန် မွက်ဟတွင် ရရစ်ထိုး၍ **မြွက်ဟ**ဟု ရေးကြသည်။ **မြွက်ဟ**ကို မြန်မာအဘိဓာန်က "ထုတ်ဖော်ပြောဆိုသည်"ဟု အဓိပ္ပာယ်ဖွင့်သည်။ ထုတ်ဖော်မပါဘဲ ပြောသည်ဟုလည်း အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။

**ဟ**၏ တိုင်သံတစ်ခုမှာ **ဟက်** ဖြစ်သည်။ **ဟက်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ကြိ– ၁၊ ခေးစသည်ဖြင့် ခွဲဖြတ်ဖွဲ့ခွာသည်။ ဟအောင် လုပ်သည်။ သလိပ်ကို အပြင်သို့ထွက်လာအောင် လေအားဖြင့် ခတ်ထုတ်သည်"ဟု ဖွင့်ဆိုထားပါသည်။ စင်စစ် **ဟ**နှင့် **ဟက်**သည် အနက်တူ၍ **ပွင့်၊ ဖွင့်** ဟူသော အနက်ရှိသည်။ ပွင့်လျက်အနေအထားကို ဟက်လက်၊ ဟင်းလင်း၊ ဟာလာ ဟု ဆိုသည်။ ဘာမျှ အဆီးအတားမရှိ ပွင့်လင်းနေသည့်သဘောပင်။ မကွဲမပြားမခွဲမခြားတစ်ပြင်တည်း ပေါင်းစည်းနေသည်ဟု ဆိုလိုသည်။ ငါး၏အသက်ရှူရာ အင်္ဂါအစိတ်အပိုင်းကို ပါးဟက်ဟု ခေါ်သည်မှာလည်း ငါး၏ ပါးတွင် ဟက်ထားသကဲ့သို့သော၊ ဟနေသော၊ ဟစေ့ဟစေ့ဖြစ်နေသော နေရာဖြစ်သည်။

**ဟ**၏ တိုင်သံတစ်ခုမှာ **ဟပ်** ဖြစ်သည်။ **ဟပ်**၏အနက်လည်း ပေါင်းစည်းပင်ဖြစ်သည်။ **ဟပ်**ကို မြန်မာအဘိဓာန်တွင် "**ဟပ်**၊ ကြိ– အရာဝတ္ထုနှစ်ခုကို မျက်နှာချင်းဆိုင် ပူးကပ်သည်။ ၂၊ ပါးစပ်၊ နှုတ်သီးဖြင့် ဖမ်းကိုက်သည်။ ၃၊ မျက်နှာချင်းဆိုင်ရှိအရာဝတ္ထုကို အရောင်အလင်းစသည် ထိခတ်သည်။ ၄၊ လိုက်ဖက်သည်။"ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ **ဟပ်** အဓိပ္ပာယ်လေးခုစလုံး၏ အရင်းခံအနက်သည် ပေါင်းစည်းခြင်း ဖြစ်သည်။ ဟပ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ထို၌ဟပ်သည်ဟူသော ဝေါဟာရသည် ထိခိုက်ပူးယှဉ်အပ်သော အရာဝတ္ထုနှစ်ခုတို့၏ ယှဉ်ကပ်ခြင်းအနက်ဖြစ်၍ အဝတ်အထည်စသည် ထိခိုက်ပူးယှဉ်ခြင်း၊ သစ်ကျားစသည်တို့၏ ခံတွင်းနှင့် ကိုက်ခဲအပ်သော တိရစ္ဆာန်တို့၏ ကိုယ်နှင့် ထိခိုက်ခြင်း ယင်းသို့ စသည်ဖြင့် ဝတ္ထုနှစ်ရပ် ယှဉ်စပ်ခြင်းအနက်ထင်အောင် ယူကောင်းအံ့သို့ရှိ၏"ဟု မိန့်ဆိုခဲ့ပါသည်။

ဤတွင် ဟပ်သည် ဆိုသည် ကိုက်ခဲမည့် ပါးစပ်၊ နှုတ်သီးဖြင့် အကိုက်ခံအရာဝတ္ထု သာမန်ထိခတ်ရုံမဟုတ်ဘဲ နှုတ်သီး၊ ပါးစပ်ကို ဟ၍ ကိုက်သည်ဟူ၍ ယူဆရပေမည်။

### ဠ

ဠသည် မြန်မာဘာသာစကားတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် အဓိပ္ပာယ်မရှိပါ။ သို့ရာတွင် မြန်မာဘာသာစကား၊ မြန်မာစာပေတွင် ဠ ဖြင့် ရေးရသော ဝေါဟာရများကို တွေ့နေရပါသည်။

ထိုဝေါဟာရများသည် မြန်မာဘာသာစကားများ မဟုတ်ကြပါ။ ပါဠိဘာသာ၊ သက္ကတဘာသာ စသော ဘာသာစကားများကို မွေးစားထားသော ဝေါဟာရများသာ ဖြစ်ကြပါသည်။

**သာဓက**။ ။

**ဂဠုန်**၊ န– ငှက်တို့၏မင်း၊ နဂါးတို့၏ရန်သူ ဖြစ်သည်ဆိုသော ကျမ်းဂန်လာ ငှက်ကြီး။ [ပါ၊ ဂရုဠ]

**ရှဠီ**၊ န– တွင်နေသော အခေါ်အဝေါ်။ [ပါ၊ ရူဠီ]

**သီဟိုဠ်ကျွန်း**၊ န– အိန္ဒိယပြည် တောင်ဘက်ရှိ လင်္ကာဒီပခေါ်သော ကျွန်း။ [ပါ၊ သီဟဠ+မြန်၊ ကျွန်း]

(ဆက်လက်ဖော်ပြပါမည်)

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နိုဝင်ဘာလ ၁ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အုပ်ဆွဲအုပ်စု ဝန်တင်ဆိပ်ကျေးရွာ ချည်မျှင်ရှည်ဝါစိုက်ခင်း၌ ဒေသခံဝါစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပြောကြားကာ ဝါတောင်သူ ဦးထွန်းထွန်းနိုင်၏ ရာကာ (၆)သုံးလုံး ချည်မျှင်ရှည်ဝါစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် လျှော်ရွှေးလျှော်ထုတ်စက်ရုံကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ခေတ္တရာ ဟာ်းကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ အဆောက်အအုံများနှင့် ထွန်စက်အရောင်းပြခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

နိုဝင်ဘာလ ၂ ရက်က ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)ဧည့်ခန်းမ၌ မွေးမြူရေးတောင်သူများ၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သူများကို တွေ့ဆုံ၍ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ် ထွန်းကားလာစေရေး ဆွေးနွေးမှာကြားပြီး မွေးမြူရေးတောင်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နှမ်းစပါး၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာနှင့်ဝါသီးနှံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေရာသီဥတု အခြေအနေပေးသောဒေသများကို ရွေးချယ်ဆောင်ရွက်သွားရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ရွှေမြင့်မိုရ် နို့စားနွားခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုနှင့် ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက်ရှိ ငွေစင်ပုလဲကုမ္ပဏီ၏ နို့စုဆောင်းနေမှုနှင့် ရွှေတောင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းဆောင်ရွက်သော စပါးမျိုး ၁၂ မျိုး ယှဉ်ပြိုင်စိုက်ကွင်းတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့နယ် နတ်မှော်ရွာ မင်းသားကြီးတိုင်းရင်းကြက်မွေးမြူရေးနှင့် ကြက်သားဖောက်ဖြန့်ချိရေးလုပ်ငန်း၊ နတ်တလင်းမြို့နယ် ကြက်ခတ်ဝါးရုံကျေးရွာ YSR-1 ဧက ၃၀ မျိုးသန့်မျိုးပွားစံပြကွက်နှင့် ကြို့ပင်ကောက်မြို့၊ လက်ပံတန်းမြို့၊ သာယာဝတီမြို့တို့ရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၆၅၉၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်မှ နိုဝင်ဘာလ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၉၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

# ညောင်ဦးမြို့ Sanon Assessment Center ၌ Waiting Staff Level-1 စစ်ဆေးအကဲဖြတ်နေမှုကို ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၃

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် ညောင်ဦးသံတဲဝင်း ပျူစောထီးလမ်း အမှတ်(၃) ရပ်ကွက်ရှိ Sanon Assessment Center သို့ရောက်ရှိပြီး ဟိုတယ်စားပွဲထိုး (Waiting Staff) Level-1 အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုကိုကြည့်ရှုစစ်ဆေးကာ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)အနေဖြင့် လုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှု"စံ"များရေးဆွဲခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ Level 1 အလုပ်အကိုင် ရှစ်မျိုး၊ Level 2 အလုပ်အကိုင် ရှစ်မျိုးနှင့် Level 3 အလုပ်အကိုင် နှစ်မျိုး စုစုပေါင်း အလုပ်အကိုင် ၁၈ မျိုးအတွက် ကျွမ်းကျင်မှုစံများအတည်ပြုထားပြီး ၂၀၁၄ ခုနှစ်မှ ယနေ့ထိ ဟိုတယ်စားပွဲထိုး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် ဧည့်ကြိုအလုပ်အကိုင် သုံးမျိုးတွင် သတ်မှတ်အရည်အချင်းကိုက်ညီသူ ၁၄၈၅ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း။

အရည်အသွေးရှိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ရေး၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်၍ စဉ်ဆက်မပြတ်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၃°c |
| ရန်ကုန် | ၂၃°c | / | ၃၃°c |
| မန္တလေး | ၂၄°c | / | ၃၄°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အမှုဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## လှိုင်သာယာမြို့နယ်အတွင်း အားကစားကွင်းများနှင့်ပန်းခြံလုပ်ငန်းဆောင်ရွက်



ရန်ကုန်  နိုဝင်ဘာ  ၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများသည် ယမန်နေ့က လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားနှစ်စင်းကြားရှိပန်းခြံနှင့်ဘုရင့်နောင်ပန်းခြံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရင့်နောင်တံတားနှစ်စင်းကြားရှိ ပန်းခြံအတွင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ အနီးအနားရှိရပ်ကွက်၊ ကျေးရွာများမှ အားကစားဝါသနာပါသူလူငယ်များအတွက် ဖူဆယ်ကွင်း၊ ဘော်လီဘောကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုများ၊ ဆိပ်ကမ်းသာလမ်းပေ ၂၀၀ ခန့်ရှိ မြစ်ထွက်ပေါက်ရေမြောင်းတူးဖော်နေမှုနှင့် မြေထိန်းနံရံဆောင်ရွက်နေသည့်လုပ်ငန်းခွင်နှင့် ရန်ကုန်-ပုသိမ်လမ်းဘေး ညောင်ရွာ - ဒိုင်စုအဝင်လမ်းတွင် Box Culvert တည်ဆောက်နေမှုလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းဆုံရှိဘုရင့်နောင်ပန်းခြံတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ပန်းခြံမှအင်းဂလိုင်ချောင်းအထိ အရှည်ပေ ၅၀၀၀၊ အကျယ် ၈ ပေ၊ အနက် ၅ ပေ အုတ်ရေမြောင်းတည်ဆောက်နေမှု၊ ရန်ကုန်-ညောင်တုန်းလမ်းဘက် ပန်းခြံအဝင်နေရာတွင် အရှည် ၃၂ ပေ၊ အကျယ် ၈ ပေ၊ အနက် ၆ ပေ Box Culvert တည်ဆောက်ပြီးစီးမှု၊ အလျား ၁၀၈ ပေ၊ အနံ ၅၈ ပေ ဘက်စုံသုံးအဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ ပန်းခြံအတွင်း ရန်ကုန်မြို့တော်ရေပေးဝေရေးဇုန်(၉)၏ အလျား ၁၂၅ ပေ၊ အနံ ပေ ၃၀၊ အနက် ၁၁ ပေရှိ ရေဂါလန်နှစ်သိန်းဆံ့ မြေအောက်ရေစုကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ပြီးစီးမှုဘက်စုံသုံးအဆောက်အအုံအတွင်းရှိ လှိုင်သာယာမြို့နယ်များ၏ Scale Model ပြင်ဆင်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက်ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

**⏭ ရှေ့ဖုံးမှအဆက်**

နိုဝင်ဘာလ ၂ ရက်က မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ စပိန်၊ ဖိလစ်ပိုင်၊ ဟန်ဂေရီအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ အင်ဒိုနီးရှားအသင်းက ပထမ(ရွှေတံဆိပ်)၊ မြန်မာအသင်းက ဒုတိယ(ငွေတံဆိပ်)၊ တရုတ်(တိုင်ပေ)အသင်းက တတိယ(ကြေးတံဆိပ်)တို့ရရှိခဲ့ကြသည်။ ထို့ပြင် နိုဝင်ဘာလ ၃ ရက်က အမျိုးသား+အမျိုးသမီး မီတာ ၅၀၀ (၁၀)တက်လှော်ဗိုလ်လုပွဲတွင် မြန်မာ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ယူကရိန်းအသင်းတို့ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)၊ ဟန်ဂေရီအသင်းက ဒုတိယ(ငွေတံဆိပ်)၊ အင်ဒိုနီးရှားအသင်းက တတိယ(ကြေးတံဆိပ်)တို့ရရှိခဲ့ကြသည်။

ယင်းလက်ရည်စစ်ပြိုင်ပွဲများဖြစ်သည့် အမျိုးသား (၁၀)တက်လှော် မီတာ၂၀၀၀၊ အမျိုးသား (၈)တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား+အမျိုးသမီး(၈)တက်လှော်မီတာ ၂၀၀၀၊ အမျိုးသား+အမျိုးသမီး( ၁၀)တက်လှော် မီတာ ၂၀၀ နှင့် အမျိုးသား+အမျိုးသမီး (၁၀)တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲများတွင် အသင်း ၁၆ သင်းအား အုပ်စုလေးစုခွဲ၍ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်အဆင့်များအထိ အဆင့်ဆင့်ယှဉ်ပြိုင်ခဲ့ကြရသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် အောက်တိုဘာလ ၂၄ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့၌ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခုနှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့၌ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup )တွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်တစ်ခုတို့ရရှိခဲ့ကြပြီး လက်ရည်စစ်ပြိုင်ပွဲများအပြီးတွင် မြန်မာလှေလှော်အားကစားအသင်းအနေဖြင့် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ်သုံးခု ရရှိခဲ့သည်။ ၎င်းပြိုင်ပွဲမှ အကောင်းဆုံး ၁၂ သင်းမှာ ၂၀၂၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်တို့တွင်ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ မြန်မာလှေလှော်အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားကြောင်း သိရသည်။



**(သတင်းစဉ်)**

# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုအား သွားရောက်အားပေးထောက်ပံ့




ပဲခူး နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုအား သွားရောက်ကြည့်ရှုအားပေးထောက်ပံ့ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ပဲခူးမြို့ အားကစားဥယျာဉ်၌ အမျိုးသား၊ အမျိုးသမီးဖူဆယ်အားကစားနည်း စခန်းသွင်းလေ့ကျင့်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ရန်ကုန်မြို့၌ ကြီးမှူးကျင်းပခဲ့သည့် အသက် ၁၉ နှစ်အောက် Royal D Cup ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ပထမဆုဖလားနှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း၂၀ အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့သိုင်း၊ ဗိုဗီနမ်နှင့် လက်ဝှေ့ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်နေမှုအားလည်းကောင်း၊ ပဲခူးတက္ကသိုလ်၌ အမျိုးသား၊ အမျိုးသမီး ဘော်လီဘော အားကစားနည်း စခန်းသွင်းလေ့ကျင့်နေမှုအားလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှုအားပေးပြီး အားကစားသမားများအတွက် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ကာ အားကစားသမားများ နေထိုင်စားသောက်ရေး ကောင်းမွန်မှုရှိစေရန်၊ ကျန်းမာရေးအဖွဲ့များ ထားရှိပေးရန်နှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိသုံးစွဲနိုင်ရေး စီစဉ်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်တောင်တက်စက်ဘီးပြိုင်ပွဲကျင်းပ

ဘားအံ နိုဝင်ဘာ ၃

နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျရောက်မည့် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီးဘေးရှိ ဘားအံဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ဖာပွန်၊ ကျိုက်ထို၊ ငန်းတေး၊ သထုံ၊ ဘုရားသုံးဆူ၊ ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှ ဂေါက်သီးရိုက်အားကစားသမား ၁၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ဂေါက်သီးရိုက်၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။

အလားတူ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်တောင်တက်စက်ဘီး(Mountain Bike) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အမျိုးသားအသက် ၄၀ နှစ်နှင့်အထက်ပြိုင်ပွဲ၊ အသက် ၄၀ နှစ်အောက်ပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ၊ အသက် ၁၃ နှစ်အောက်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား လေးမျိုးခွဲ၍ကျင်းပခဲ့ပြီး အမျိုးသားပြိုင်ပွဲကို လူမှုရေးရာဝန်ကြီးက ဇာသပြင်လမ်းဆုံ၌လည်းကောင်း၊ အမျိုးသမီးအလွတ်တန်းနှင့် အသက် ၁၃ နှစ်အောက်ပြိုင်ပွဲကို တိုင်းရင်းသားရေးရာဝန်ကြီးက ထုံးအိုင်လမ်းဆုံတွင်လည်းကောင်း သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့သည်။ အမျိုးသားပြိုင်ပွဲတွင် စတင်တာလွှတ်ရာ ဇာသပြင်လမ်းဆုံမှ ကြာအင်းတောင်ခြေထိ ၃၉ ကီလိုမီတာ၊ ကြာအင်းတောင်ခြေမှ ကြာအင်းတောင်ပေါ်သို့ ၆ ကီလိုမီတာ၊ အမျိုးသမီးအလွတ်တန်းနှင့် အသက် ၁၃ နှစ်အောက်ပြိုင်ပွဲတွင် စတင်တာလွှတ်ရာ ထုံးအိုင်လမ်းဆုံမှ ကြာအင်းတောင်ခြေထိ ၁၇ ကီလိုမီတာ၊ ကြာအင်းတောင်ခြေမှ ကြာအင်းတောင်ပေါ်ထိ ၆ ကီလိုမီတာ ပြိုင်ပွဲဝင်ခဲ့ကြကာ ပြိုင်ပွဲများယှဉ်ပြိုင်နေမှုနှင့် ပန်းဝင်လာမှုတို့အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်စက်ဘီးစီးအားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။






အဆိုပါပြိုင်ပွဲသို့ ဘားအံ၊ လှိုင်းဘွဲ့၊ ရန်ကုန်၊ မန္တလေး၊ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်မြို့တို့မှ ပြိုင်ပွဲဝင် စုစုပေါင်း ၁၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကြာအင်းတောင်ပေါ်၌ ဆက်လက်ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု ၆ မှ ၁၀ အထိရရှိကြသူများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အမျိုးသား ၄၀ နှစ်နှင့်အထက် အမျိုးသား ၄၀ နှစ်အောက်ပြိုင်ပွဲတို့တွင် နှစ်သိမ့်ဆု ၆ မှ ၁၀ အထိရရှိကြသူများကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးဦးစောထွန်းအောင်က အမျိုးသား ၄၀ နှစ်နှင့်အထက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကိုလည်းကောင်း တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းဘေဘီမြင့်က အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့်ဆုဖလားများကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အသက်၁၃ နှစ်အောက်အထူးဆုနှစ်ဆု၊ အသက်၆၀ နှစ်အထက်အထူးဆုနှစ်ဆုနှင့် အမျိုးသား ၄၀ နှစ်အောက်တောင်တက်စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကျင်းပ

မုံရွာ နိုဝင်ဘာ ၃

၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့်တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ်စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများအား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် ပညာရေးဒီဂရီကောလိပ်အသင်းနှင့် ပဉ္စအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့အား ကြည့်ရှုအားပေးကြရာ ပညာရေးဒီဂရီကောလိပ်အသင်းက ပဉ္စအားမာန်အသင်းအား ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။



အဆိုပါ ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများအား နိုဝင်ဘာလ ၃ ရက်မှ ၂၅ ရက်အထိ အားကစားနည်း ၁၁ မျိုးအား ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ အသင်း ၁၄ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၂၄၀ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး၊(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ (၁၆၁)ကြိမ်မြောက် မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များဒေသစာရီကြွချီအပူဇော်ခံယူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်



ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူသော မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များ (၁၆၁) ကြိမ်မြောက် မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲကို တန်ဆောင်တိုင်ပွဲတော်ကာလ နိုဝင်ဘာလ ၁၄ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) မှ နိုဝင်ဘာလ ၁၆ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်)နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြသိန်းတန်ဘုရားကြီးကျောင်းတိုက်ဂေါပကအဖွဲ့ထံမှသိရသည်။

မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲ မစတင်မီ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နှင့် တန်ဆောင်မုန်းလဆန်း ၁၃ ရက်တို့တွင် အမှတ်(၂)ရပ်ကွက် ဈေးဟောင်းရှေ့ ယာယီမဏ္ဍပ်၌ နှစ်ညတာကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ပြီး မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အရှင်သူမြတ်များက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကာ ဝတ်ရွတ်အဖွဲ့များမှလည်း အလှည့်ကျပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ မြို့တွင်းသို့ တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ ဒေသစာရီကြွချီအပူဇော်ခံယူရာတွင်လည်း သက်ဆိုင်ရာရပ်ကွက်များအလိုက် ခဏတာကိန်းဝပ်စံပယ်တော်မူရန်အတွက် ယာယီမဏ္ဍပ်ဆောင်များဆောက်လုပ်ကာ အပူဇော်ခံခြင်းဖြင့် တန်ဆောင်တိုင်ပွဲတော်ကာလတွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ရဟန္တာအရှင်မြတ်များ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီအပူဇော်ခံယူပွဲကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဆိုလျှင် (၁၆၁)ကြိမ်မြောက်အထိ ရှိပြီဖြစ်သည်။ မြို့တွင်း ဒေသစာရီကြွချီအပူဇော်ခံယူရာတွင်လည်း နှစ်စဉ်ရပ်ကွက်နေပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးအမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုက်ပါပို့ဆောင်သည့် ဘုရားဂေါပကအဖွဲ့ဝင်များ၊ လူငယ်အဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များကို စေတနာအလှူရှင်များက ကုသိုလ်ဒါနအဖြစ် မုန့်များ၊ အစားအသောက်များ လှူဒါန်းကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ရာဂိမုန်တိုင်းကြောင့် မိုင်းဆတ်မြို့နယ်ရှိ ပြည်သူများ၏နေအိမ် ပျက်စီးမှုအတွက် ထောက်ပံ့ငွေများပေးအပ်




မိုင်းဆတ် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ ညနေ ၅ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ တံတားအမှတ်(၁/၂) ဆိုက်ခေါင်တံတား(နမ့်ခုတ်ချောင်းတံတား) ၃၂၈ ပေ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသဖြင့် ယာယီသံပေါင်ဘေလီတံတား ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတားဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးဇော်လင်းမြတ်(တိုင်းတာဝန်ခံ)က ဘေလီတံတားနှင့်ပတ်သက်၍ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က တံတားအားစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် အချိန်မီပြီးစီးနိုင်ရေး ဖြည့်စွက်မှာကြားသည်။ အဆိုပါယာယီဘေလီတံတား ဆောင်ရွက်နေမှုသည် နိုဝင်ဘာလ ဒုတိယပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းဆတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ရာဂိမုန်တိုင်းကြောင့် မိုင်းဆတ်မြို့နယ်ရှိ ပြည်သူများ၏ နေအိမ်ပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

၎င်းနောက် မိုင်းဆတ်ခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ရာဂိမုန်တိုင်းကြောင့် မိုင်းဆတ်မြို့နယ်အတွင်း ပျက်စီးမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပြည်သူများ၏ နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့ငွေများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်ရာ လွယ်ဆောင်ကျေးရွာအုပ်စု၊ မိုင်းယွန်းကျေးရွာအုပ်စုနှင့် ပိန်းခမ်းကျေးရွာအုပ်စုတို့မှ ကိုယ်စားလှယ်များနှင့် မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်အသီးသီးတို့က လက်ခံရယူကြသည်။

အဆိုပါ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော မိုင်းဆတ်မြို့နယ်တွင် နေအိမ်ရေထဲမျောပါ/ပြိုကျပျက်စီး ၇၇ လုံး၊ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီးအလုံး ၅၀ အတွက် ငွေကျပ် ၂၆၈၄ သိန်း ၅ သောင်းနှင့် မိုင်းတုံမြို့နယ်တွင် နေအိမ်ရေထဲမျောပါ/ ပြိုကျပျက်စီး လေးလုံး၊ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီး ခြောက်လုံးအတွက် ငွေကျပ် ၁၉၉ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Preparations are underway at the Palin Kanthaya Elephant Camp

NYAUNGU November 3

According to the elephant camp, preparations are underway at the Palin Kanthaya Elephant Camp for tourists who will come during the upcoming Tazaungdine Festival.

"During the coming Tazaungdine, the elephant camp will provide services similar to those provided to guests. They can feed and ride the elephants. In addition, small tents have been prepared so that the guests can rest. We have also expanded the photo shooting area on the banks of the Ayeyawady River, including other necessary things. For public knowledge about elephants, the elephant museum has been opened for those who want to study. There are some examples of our preparations in advance," said U Myo Min, head of Palin Kanthaya Elephant Camp.

Moreover, local food will be arranged for visitors to buy at a low price.

"In terms of food, for some guests from Bagan-NyaungU to eat, we have extended the service from the elephant camp, including affordable rice and curry of upper Myanmar. Tourists can rest and eat in the tents with their families. Coffee or cold drinks are also arranged," he said.

During the last Thadingyut holidays, the number of visitors to the Palin Kanthaya Elephant Camp has increased, and it will be the same in the coming Tazaungdine Festival.

"During the Thadingyut, the arrival of tourists to the elephant camp increased. It is expected that there will be increasing numbers of visitors during the upcoming Tazaungdine. As for the elephant camp, it is expected that many pilgrims will also visit here," he said.

**SK**

# Farmers in Wetlet Township finish cultivation of more than 13,000 acres of monsoon sesame



WETLET November 3

A total of 13,550 acres of monsoon sesame has been cultivated in Wetlet Township of Sagaing Region this monsoon, according to the township Agriculture Department.

Local farmers planted 13,550 acres of monsoon sesame against the target of 16,075 acres of monsoon sesame this year.

Daw Khin San, Head of Wetlet Township Agriculture Department said: "Local authorities earmarked cultivation of more than 16,000 acres of monsoon sesame this monsoon but local farmers have planted more than 13,000 acres of monsoon sesame. Our department helps local farmers expand sown acreage of sesame, boost per-acre yield of crop and use GAP system."

This year, officials of Township Agriculture Department provide agricultural techniques, quality strains of crops, and expansion of sown acreage for local farmers.

The crops produced in GAP system can fetch good prices in the domestic market as well as foreign market. Hence, it helps those in production chains of sesame increase incomes for their families.

**SMK**

# Plan underway to grow more than 80,000 acres of winter crops in Pwintbyu Township

PWINTBYU November 3

The Agriculture Department in Pwintbyu Township of Magway Region stated that a plan is underway to grow more than 80,000 acres of winter crops in the entire township for developing agricultural production and increasing incomes of local farmers.

Local farmers will utilize water from Mezali diversion weir and Mone Creek in Pwintbyu Township for cultivation of crops round the year. They grow groundnut, sunflower, sesame, niger, corns, pulses and beans, kitchen crops and other crops.

Officials from Township Agriculture Department and relevant departments decided to help local farmers apply correct agricultural techniques and systematically use fertilizers.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department explained: "Local authorities earmarked cultivation of 85,612 acres of winter crops in the township. Hence, local farmers will cultivate groundnut, sesame, sunflower and niger on 27,992 acres, corns on 3,008 acres, pulses and beans on 41,800 acres, kitchen crops on 2,557 acres, vegetables on 1,742 acres, animal feeds on 7,908 acres, general crops on 385 acres and other fibre crops on 220 acres, totalling 85,612 acres."

She continued, "Our department will provide necessary aid for local farmers to grow crops to meet the target cultivation, apply agricultural techniques and produce natural pesticides and natural fertilizers to cut agricultural cost."

Pwintbyu Township is formed with four wards and 205 villages in 56 village-tracts. Local farmers grow marketable crops under the supervision of the Township Agriculture Department.

**SK**

# Chauk Township cultivated over 5,000 acres of winter crops

CHAUK November 3

Efforts are being made to boost the capacity to plant winter crops in Chauk Township of Magway Region. In this year, farmers in the Township have planned to grow 5,541 acres of winter crops but only 5,002 acres have been planted so far.

Ground nut, sesame, sunflower are being grown as winter crops in Chauk Township of Magway Region annually. In this year's winter crops growing season, the Township has targeted to grow 5,541 acres of oilseed crops.

As of now, farmers have only gown 5002 acres of oilseed crops including 2,941 acres of ground nut, 2,197 acres of sesame and 403 acres of sunflower in the entire township, according to the Township Department of Agriculture.

Last year, the Township Agriculture Department earmarked to grow 5,524 acres of winter crops but only 4,917 acres were planted in Chauk Township of Magway Region.

**SMK**



# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Six investment projects approved in Magway Region in the first half of this FY

MAGWAY November 3

In the first half of the 2024-2025 financial year, six investment projects were approved in the Magway Region, expected to create jobs for 537 residents.

The total investment amount for these six projects is reported to exceed Ks-20 billion plus approximately US$-10 million. These projects are expected to create employment opportunities for 537 local workers and primarily focus on manufacturing industries.

An officer from the Magway Region Government stated, "In the first six months of the 2024-2025 financial year, the Magway Region Investment Committee approved six new investment projects. Among these, two projects of Myanmar citizens have a combined investment value exceeding Ks-20 billion, while the remaining four domestic projects total close to Ks-10 billion. These six projects are expected to create job opportunities for 537 workers".

During this period, there has also been an increase in investment in existing projects, along with a rise in the work-force. The Magway Region Investment Committee continues to approve new investments of Myanmar citizens and foreign investment projects in accordance with legal frameworks and regulations, aiming to create new job opportunities in the region.

**SK**

# Myaung Township grows 2,162 acres of rain-fed seed corns

MYAUNG November 3

A total of 2,162 acres of seed corns have been planted in Myaung Township, Sagaing District, Sagaing Region during this year's rain crops planting season, according to the Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 2,160 acres of seed corn are earmarked for planting in Myaung Township, and since May this year, 2,162 acres have been planted.

"Farmers also grow pigeon peas as an addition crop. Now, the corn fields are developing successfully," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

This year in Myaung Township, the township Department of Agriculture provided training to the farmers who grow seed corns, and conducted field demonstrations.

In Myaung Township, more than 50 baskets of seed corns are produced per acre, and the cost of planting one acre is Ks-500,000.

**SMK**

# Farmers finish cultivation of more than 80,000 acres of green gram in Kanbalu Township

KANBALU November 3

Statistics of Kanbalu Township Agriculture Department in Sagaing Region stated that a total of 88,715 acres of green gram has been planted in the township.

In 2024-2025 monsoon season, local authorities earmarked cultivation of 83,944 acres of green gram in Kanbalu Township but local farmers have so far planted 88,715 acres of crops exceeding the target cultivation.

U Myo Zaw, Head of Kanbalu Township Agriculture Department revealed: "Local farmers exceeded the target cultivation of green gram in monsoon on 88,715 acres, more than 83,944 planned acres. Our department raised farmer awareness of growing green gram to expand sown acreage and initiatives for boosting per-acre yield by using quality strains of crops."

This year, agricultural staff members of the township department helped local farmers use quality strains of crops, prevent pests and systematically use fertilizers.

Moreover, officials cooperate with local farmers for providing agricultural techniques and post-harvest technology in growing monsoon green gram this year.

**SK**

# Chinese-built Nairobi Expressway wins awards for green mobility, innovation

NAIROBI November 3

The 27.1-kilometer Nairobi Expressway, built by a Chinese firm, received four prestigious awards on Friday evening for advancing green and seamless mobility in Kenya and across the East African region.



The expressway garnered acclaim at the third annual Africa Mashariki Transport Award (AMTA), an event established in 2022 to honor excellence in transport across Kenya and the broader region. Hosted by BH Media Agency in collaboration with Kenya's Ministry of Roads and Transport, the AMTA awards recognize organizations with outstanding records in sustainability, efficiency and customer-centered service.

The award ceremony took place ahead of the third annual ATMA Expo and Gala, which ran from Wednesday to Friday, bringing together a diverse range of participants to showcase innovations under the theme "Data-Driven Approach to Safety in Transport."

The Nairobi Expressway received four major honors: Road Transport Infrastructure of the Year, Sustainable Transport, Best Technological Innovation and Corporate Road Safety Initiative of the Year. Speaking on the recognition, Jeanne May Ong'iyo, spokesperson for the Nairobi Expressway, said the awards reaffirm the company's dedication to customer satis-faction, green mobility and positive economic impact.

"We are committed to continually enhancing the customer experience and partnering with like-minded industry players to deliver world-class service," Ong'iyo said.

Construction of the Nairobi Expressway began in September 2020, and the road was officially launched in July 2022 after a successful trial period that started in May 2022. Since its launch, the toll road has significantly cut travel time between Nairobi's southern areas, home to the main airport, and the upscale Westlands suburb, from two hours during peak times to just 20 minutes.

**Xinhua**


# Ukraine loses over 150 troops in Kursk Region in 1 day - Russian Defence Ministry

MOSCOW November 3

The Ukrainian armed forces lost more than 150 servicemen over the past day in the western Russian region of Kursk, the Russian Defence Ministry said on Sunday.

"Over the past day, Ukraine lost over 150 soldiers and had an infantry fighting vehicle, an electronic warfare station and five vehicles destroyed," the statement read.

**Sputnik**



# At least 42 Palestinians killed in Israeli attacks in central Gaza

GAZA November 3

At least 42 Palestinians were killed and over 150 injured in Israeli air and artillery bombardment on Nuseirat refugee camp in the central Gaza Strip, Palestinian medical sources said on Saturday.

The Israeli army has been bombarding inhabited houses in Nuseirat with both aircraft and artillery since Friday morning, said Palestinian security sources.

The Gaza government media office condemned the strikes, describing them as the "deliberate targeting of civilians, including children and women," and called on the international community to pressure Israel to halt these actions against Gaza's civilians.

The Israel Defence Forces (IDF) said in a statement on Saturday that it conducted operations in Rafah and central Gaza to kill militants, dismantle militant infrastructure, and locate weapons.



Israel has been conducting a large-scale offensive against Hamas in the Gaza Strip in retaliation for a Hamas attack across the southern Israeli border on October 7, 2023, during which about 1,200 people were killed and approximately 250 taken hostage.

The Palestinian death toll from ongoing Israeli attacks in the Gaza Strip has risen to 43,314, according to a statement from Gaza-based health authorities on Saturday. **Xinhua**

# Duma Boko declared 6th president of Botswana

GABORONE November 3

Duma Boko, the presidential candidate of the Umbrella for Democratic Change (UDC), was declared as Botswana's sixth president on Friday.

Botswana's Chief Justice Terence Rannowane made the announcement on national television in Gaborone, the capital city of Botswana.

According to the southern African country's electoral law, the polling will determine 61 members of the National Assembly and 609 local councilors, with the party that holds at least 31 parliament seats to be declared as the winner.

While the counting is yet to be finalized, UDC has already secured 34 members of the National Assembly, while the ruling party Botswana Democratic Party got four seats.

Incumbent President Mokgweetsi Masisi on Friday morning conceded election defeat after initial counting suggested that the ruling Botswana Democratic Party has lost its grip on power, at a press conference in Gaborone.

"My fellow Batswana, I stand before you this morning humbled but proud. At the end of my first term, as the president, I wish to congratulate the opposition on their victory and concede defeat. I will respectfully step aside," said Masisi.

**Xinhua**

# Hungary's Orban says BRICS outperforming Western Economies

MOSCOW November 3

The BRICS group of emerging-market powers has already outperformed the West in the global market, Hungarian Prime Minister Viktor Orban said on Sunday, adding that the BRICS summit in Russia's Kazan highlighted the bloc's economic potential.

Kazan hosted the BRICS summit from October 22-24.

"The Eastern world summit was held in Kazan a week ago They have already expanded, there are more than 10 countries, and all of them met in Kazan. This is the economy of the Eastern world. Twenty years ago, this would not have been big news, but now these countries are worth more, according to economic indicators, than the Western economy," Orban told Hungarian broadcaster.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 16 Past perfect continuous (I had been doing)

Some more examples:

- My hands were dirty because **I'd been repairing** my bike.
- Tom was tired when he got home. He**'d been working** hard all day.
- I went to Madrid a few years ago and stayed with a friend of mine. **She hadn't been living** there very long, but she knew the city very well.

You can say that something **had been happening** before something else happened:

- We**'d been playing** tennis for about half an hour when it **started** to rain heavily.


**B** Compare **have been -ing** (present perfect continuous) and **had been -ing** (past perfect continuous):

*Present perfect continuous*




- I hope the bus comes soon. **I've been waiting** for 20 minutes. (before now)
- James **is** out of breath. He**'s been running.** (= he has been ...)

*Past perfect continuous*




- At last the bus came. I**'d been waiting** for 20 minutes. (before the bus came)
- James **was** out of breath. He**'d been running.** (= he **had** been ...)

**C** Compare **was -ing** (past continuous) and **had been -ing:**

- It **wasn't raining** when we went out. The sun **was shining.** But it **had been raining,**so the ground was wet.
- Katherine **was lying** on the sofa. She was tired because she**'d been working** hard.

**D** **Some verbs (for example, know) are not normally used in continuous forms (be + -ing):**

- We were good friends. We **had known** each other for years. (not had been knowing)
- A few years ago Lisa cut her hair really short. I was surprised because she**'d** always **had** long hair. (not she'd been having)

For a list of these verbs, see **Unit 4A.** For have, see **Unit 17**

Present perfect continuous → Units 9–10 Past perfect simple → Unit 15

## Exercises

**16.1 Read the situations and make sentences using the words in brackets.**

1 Tom was very tired when he got home.
(He / work / hard all day) He'd been working hard all day.

2 The children came into the house. They had a football and they were both very tired.
(They / play / football)..................................................................................................

3 I was disappointed when I had to cancel my holiday.
(I / look / forward to it)..................................................................................................

4 Anna woke up in the middle of the night. She was frightened and didn't know where she was.
(She / have / a bad dream)..................................................................................................

5 When I got home, Mark was sitting in front of the TV. He had just turned it off.
(He / watch / a film)..................................................................................................

6 The people waiting at the bus stop were getting impatient. The bus was very late.
(They / wait / a long time)..................................................................................................

**Raymond Murphy**

INNOVATION

## တရုတ်၏ အကြီးဆုံးသော ဥမင်တူးစက် အချင်း ၅၄ ပေခွဲအထိရှိ

တရုတ်နိုင်ငံက သူတို့အတွက်အကြီးဆုံးသော ဥမင်တူးစက်ကိုထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီဥမင်တူးစက်ကြီးကတော့ အချင်းအားဖြင့် ၅၄ ပေခွဲအထိရှိတာတွေ့ရပါတယ်။

ကျန်းဟိုင်လို့အမည်ပေးထားတဲ့ အဲဒီဥမင်တူးစက်ကြီးက အလေးချိန်အားဖြင့် မက်ထရစ်တန် ၅၀၀၀ နီးပါးရှိပြီးအလျားကတော့ ၄၇၅ ပေအထိရှိပါတယ်။ တကယ့်ကိုအကြီးကြီးပါပဲ။

ဒီလိုကြီးမားလှတဲ့ ဥမင်တူးစက်ကြီးကိုဖန်တီးရတဲ့ရည်ရွယ်ချက်က ကျန်းစုပြည်နယ်ရှိ ယန်ဇီမြစ်ကိုဖြတ်ပြီး နန်တုံနဲ့ ဆူကျိုးမြို့တို့ကို ဆက်သွယ်ပေးမယ့်ဥမင်လိုဏ်ခေါင်းဖောက်လုပ်ရေးမှာ အသုံးပြုသွားဖို့ဖြစ်ပါတယ်။

အဲဒီဥမင်ကြီးကလည်း ယန်ဇီမြစ်ရဲ့ ရေမျက်နှာပြင်အောက် ၂၄၆ ပေမှာရှိမှာဖြစ်ပြီး အရှည်အားဖြင့် ၇ မိုင်ထိရှိမှာပါ။ ဒီဥမင်က ၂၀၂၈ ခုနှစ်မှာပြီးစီးမယ်လို့ မျှော်မှန်းရတဲ့ ၂၄ မိုင်အရှည်ရှိအမြန်လမ်းမကြီးရဲ့တစ်စိတ်တစ်ပိုင်းဖြစ်လာမှာဖြစ်ပါတယ်။

ဒီလိုဥမင်ကြီးဖောက်လုပ်ရာမှာ ကျန်းဟိုင်ကိုအသုံးပြုခြင်းအားဖြင့် တစ်ရက်ကို ၃၉ ပေကနေ ၅၂ ပေအထိဖောက်လုပ်နိုင်စေမှာဖြစ်တဲ့အတွက် ဥမင်ကြီးတစ်ခုလုံးဖောက်လုပ်ပြီးစီးဖို့အတွက် အချိန်အားဖြင့် နှစ်နှစ်ခွဲကြာမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**



## မတ်တာ၏နည်းပညာအသစ်ကြောင့် စက်ရုပ်များက လူကဲ့သို့အထိအတွေ့ကိုခံစားနိုင်မည်

မတ်တာကုမ္ပဏီက AI နည်းပညာအသစ်တစ်မျိုးကို ဖန်တီးလိုက်ပါတယ်။ ဒီနည်းပညာအသစ်ကြောင့် စက်ရုပ်များက လူကဲ့သို့အထိအတွေ့ကိုခံစားသိရှိနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

မတ်တာကုမ္ပဏီက အမေရိကန်အခြေစိုက် အာရုံခံကိရိယာကုမ္ပဏီ GelSight နဲ့တောင်ကိုရီးယားမှ စက်ရုပ်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Wonik Robotics တို့နဲ့ ပူးပေါင်းပြီး AI အတွက် အထိအတွေ့ကို ခံစားသိရှိနိုင်မယ့်နည်းပညာကို ဖန်တီးတီထွင်လိုက်တာပါ။ ဒါပေမဲ့ ဒီနည်းပညာက သာမန်ပြည်သူများအတွက်မဟုတ်ဘဲ သိပ္ပံပညာရှင်များအတွက်သာ ရည်မှန်းထားတယ်လို့ဆိုပါတယ်။

ဒီနည်းပညာကိုဖန်တီးဖို့အတွက် မတ်တာကုမ္ပဏီက သုတေသနပစ္စည်းသုံးမျိုးကိုထုတ်လုပ်လိုက်ပါတယ်။ Sparsh၊ Digit 360 နဲ့ Digit Plexus တို့ပါပဲ။ အဓိကက အထိအတွေ့ကိုအာရုံခံနိုင်ဖို့၊ စက်ရုပ်ရဲ့ ကျွမ်းကျင်လိမ္မာမှုကိုသိရှိနိုင်ဖို့နဲ့ လူသားများနဲ့စက်ရုပ်တို့ကြား အပြန်အလှန်ဆက်ဆံမှုတို့ကိုဖော်ဆောင်နိုင်ဖို့ပါ။


ဒါ့အပြင် မတ်တာကုမ္ပဏီက PARTNR ဆိုတဲ့နည်းပညာကိုလည်းမိတ်ဆက်လိုက်ပါတယ်။ သူကတော့ လူသားတွေနဲ့ စက်ရုပ်တို့ကြားပူးပေါင်းဆောင်ရွက်မှုမှာ စီမံကိန်းရေးဆွဲမှုနဲ့ တွေးခေါ်မြော်မြင်မှုတို့အတွက်ဖြစ်ပါတယ်။ **Ref: IE**

**K.H**



ENERGY

## အာကာသမှ ကမ္ဘာပေါ်ကိုလျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်ဖြန့်ဖြူးမယ့် အာကာသနေရောင်ခြည်ဓာတ်အားပေးစက်ရုံ



ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို ရယူအသုံးပြုနိုင်ဖို့အတွက် နည်းလမ်းမျိုးစုံနဲ့ စဉ်းစားလုပ်ဆောင်ကြရာမှာ အိုက်စလန်နိုင်ငံကတော့ အာကာသထဲကနေ လျှပ်စစ်ဓာတ်အားပြန်ယူမယ့် ပထမဆုံး နိုင်ငံဖြစ်လာတော့မှာပါ။

အိုက်စလန်နိုင်ငံမှ Reykjavik Energy ဆိုတဲ့စွမ်းအင်ကုမ္ပဏီက ဗြိတိန်နိုင်ငံမှ Space Solar ဆိုတဲ့ကုမ္ပဏီနဲ့ပူးပေါင်းပြီး ဒီအစီအစဉ်ကိုအကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ သူတို့ရဲ့အစီအစဉ်အရဆိုရင် ကမ္ဘာ့လေထုအပြင်ဘက်မှာရှိတဲ့ အာကာသနေရောင်ခြည်ဓာတ်အားပေးစက်ရုံကနေ ကမ္ဘာမြေပေါ်လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်အထိပေးပို့သွားနိုင်လိမ့်မယ်လို့သိရပါတယ်။

ဒီနည်းလမ်းက တွက်ခြေကိုက်တဲ့စဉ်ဆက်မပြတ်စွမ်းအင်ထုတ်ယူမှုနည်းလမ်းဖြစ်တဲ့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် စံနှုန်းအသစ်လည်းဖြစ်လာနိုင်ပါတယ်။ အဲဒီစက်ရုံကနေ ၂၀၃၀ ပြည့်နှစ်အရောက်မှာ လျှပ်စစ်ဓာတ်အားပေးနိုင်မယ်လို့မျှော်လင့်ရပါတယ်။ **Ref: IE**

**K.H**

## သန့်စင်သောလျှပ်စစ်စွမ်းအင်ထုတ်လုပ်ပေးမယ့် သစ်ပင်မျိုးစိတ်နှစ်မျိုး



ရဝမ်ဒါနိုင်ငံသစ်တောဌာနမှ သိပ္ပံပညာရှင်များက ထူးခြားတဲ့သစ်ပင်အမျိုးအစားနှစ်မျိုးကို ရှာဖွေတွေ့ရှိလိုက်ပါတယ်။ အဲဒီသစ်ပင်တွေရဲ့ထူးခြားချက်က သန့်စင်တဲ့လျှပ်စစ်စွမ်းအင်ကိုထုတ်လုပ်ပေးနိုင်တယ်လို့ဆိုပါတယ်။

ရဝမ်ဒါက ၂၀၃၀ ပြည့်နှစ်အရောက်မှာ တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးကြိုးပမ်းနေတာဖြစ်ပြီး ဒီအတွက်သိပ္ပံပညာရှင်များက လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မယ့်အရင်းအမြစ်တွေကို လိုက်လံရှာဖွေနေကြတာပါ။ အဓိကအားဖြင့် ကျေးလက်ဒေသတွေအတွက်ဖြစ်ပါတယ်။

ဒီနေရာမှာ သိပ္ပံပညာရှင်များက လျှပ်စစ်ဓာတ်အားကို ဇီဝအပူစွမ်းအင်ကနေထုတ်ယူဖို့ပိုမိုလိုလားပါတယ်။ အခုသူတို့ရှာဖွေတွေ့ရှိလိုက်တဲ့ Senna siamea နဲ့ Gliricidia sepium ဆိုတဲ့သစ်ပင်နှစ်မျိုးက ဇီဝအပူစွမ်းအင်ကိုကောင်းစွာထုတ်ပေးနိုင်ကြောင်းတွေ့ရှိရတာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**K.H**

## ကုန်ကြမ်းပစ္စည်းအသစ်ကြောင့် ပိုတက်စီယမ်ဘက်ထရီများထွက်ပေါ်လာနိုင်

လက်ရှိလျှပ်စစ်ပစ္စည်းတွေမှာထည့်သွင်းအသုံးပြုထားတဲ့ဘက်ထရီတွေက လီသီယံအိုင်းယွန်းဘက်ထရီများဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ကိုထုတ်လုပ်ဖို့ဆိုတာက ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံးမှာ ပတ်ဝန်းကျင်ကိုထိခိုက်စေတာတွေအများကြီးပါပဲ။ ဒါကြောင့် လီသီယံအစားတခြားကုန်ကြမ်းပစ္စည်းများကို အစားထိုးနိုင်မလားလို့ သုတေသနပညာရှင်များက ရှာဖွေနေခဲ့ကြတာပါ။



အခုတော့ သူတို့အနေနဲ့ရှာဖွေတွေ့ရှိသွားပါပြီ။ အဲဒီကတော့ လီသီယံအစား ပိုတက်စီယမ်ကို ပြောင်းလဲအသုံးပြုခြင်းပဲဖြစ်ပါတယ်။ ဒီကုန်ကြမ်းပစ္စည်းအသစ်ဆိုတာမျိုးက ကမ္ဘာတစ်ဝန်းမှာအလွယ်တကူရရှိနိုင်တဲ့အတွက် သူ့ကိုထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေဖို့ဆိုတာ အင်မတန်နည်းပါးတာတွေ့ရပါတယ်။ **Ref: IE**

**K.H**

# ယူကရိန်းက ရုရှား၏အပြင်းထန်ဆုံးသောတိုက်စစ်နှင့်ရင်ဆိုင်နေရဟုဆို

ကီယက်၊ စက်ရေး

ယူကရိန်းတပ်ဖွဲ့များသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ရုရှား၏အပြင်းထန်ဆုံးသောတိုက်စစ်နှင့်ရင်ဆိုင်နေရကြောင်း ယူကရိန်းတပ်မတော်မှ ဗိုလ်ချုပ်ကြီးအလက်ဇန်းဒါးဆာစကီကပြောသည်။

ချက်သမ္မတနိုင်ငံမှ စစ်ဦးစီးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကာရယ်ရီခါဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် ယူကရိန်းဗိုလ်ချုပ်ကြီးက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားတို့၏အပြင်းထန်ဆုံးသောတိုက်စစ်ကို ယူကရိန်းတပ်ဖွဲ့များက ကြံကြံခံရင်ဆိုင်နေရကြောင်းနှင့် လက်နက်ခဲယမ်းရိက္ခာများ ဖြည့်တင်းပေးရန်တောင်းဆိုနေကြောင်း ယူကရိန်းဗိုလ်ချုပ်ကြီးကပြောသည်။

တစ်ချိန်တည်းမှာပင် ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတို့အခိုင်အမာခံစစ်ဆင်ထားသော ယူဂလီဒါမြို့ကို အောက်တိုဘာလတွင်သိမ်းပိုက်နိုင်မှုအပါအဝင် ပြီးခဲ့သည့်လများတွင် မြေပြင်၌သိမ်းပိုက်ရရှိသောနေရာများ တဖြည်းဖြည်းများပြားသည်ဟု ရုရှားသတင်းဌာနများကထုတ်ပြန်ထားသည်။

ထို့ပြင် ရုရှားတပ်ဖွဲ့များသည် ခုရ်(စ်)ဒေသကိုကျူးကျော်လာသော ယူကရိန်းတပ်ဖွဲ့များကိုတိုက်ထုတ်မည့် စစ်ဆင်ရေးတစ်ရပ်ကိုဆင်နွှဲလျက်ရှိကြောင်း ရုရှားတာဝန်ရှိသူများက ပြောသည်။

ရုရှားအနေဖြင့် မြေပြင်တွင်တိုက်စစ်ဆင်မှုများကို ပိုမိုပြုလုပ်လာနိုင်ခြင်းသည် အနောက်အုပ်စုက ယူကရိန်းသို့ပေးမည်ဟုပြောထားသော စစ်လက်နက်ပစ္စည်းများ မရောက်လာဘဲကြန့်ကြာနေခြင်းနှင့် ရုရှားနိုင်ငံအတွင်းပိုင်းသို့ တိုက်ခိုက်ရန်ခွင့်မပြုခြင်းတို့ကြောင့်ဖြစ်ကြောင်း ယူကရိန်းဗိုလ်ချုပ်ကြီးကပြောထားသည်။

Ref: RT



# တောင်ကိုရီးယား၊ ဂျပန်တို့နှင့်ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်မှ ဗုံးကြဲလေယာဉ်လည်းပါဝင်

ဆိုး၊ စက်ရေး

နိုဝင်ဘာလ ၃ ရက်တွင်ပြုလုပ်သော တောင်ကိုရီးယား၊ ဂျပန်တို့နှင့်ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်မှ အကြီးစားဗုံးကြဲလေယာဉ်တစ်စင်းလည်းပါဝင်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့၏အားအပြင်းဆုံး တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားအသစ်ကို စမ်းသပ်ပစ်လွှတ်ပြီးသုံးရက်အကြာတွင် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့က ယခုကဲ့သို့ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားကစမ်းသပ်ပစ်လွှတ်သော တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်ရှိ မည်သည့်နေရာကိုမဆိုရောက်ရှိနိုင်စွမ်းရှိကြောင်း ကျွမ်းကျင်ပညာရှင်များကပြောထားသည်။

ယခုပြုလုပ်သော ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်မှ B-1B ဗုံးကြဲလေယာဉ်၊ တောင်ကိုရီးယားမှ F-15K နှင့် KF-16 တိုက်လေယာဉ်များ၊ ဂျပန်နိုင်ငံမှ F-2 တိုက်လေယာဉ်များပါဝင်သည်ဟု တောင်ကိုရီးယားတပ်မတော်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ B-1B ဗုံးကြဲလေယာဉ်သည် အသံထက်မြန်အကြီးစားဗုံးကြဲလေယာဉ်တစ်မျိုးဖြစ်ပြီး ကီလိုဂရမ် ၃၄၀၀၀ ရှိဗုံးများကိုသယ်ဆောင်နိုင်သည်ဟုသိရသည်။ Ref: RTA



# တောင်ကိုရီးယားသမ္မတက နျူကလီးယားစစ်ဖြစ်ရန်လုပ်နေဟု မြောက်ကိုရီးယားပြော

ပြုံယမ်း၊ လုံခြုံရေး

တောင်ကိုရီးယားသမ္မတယွန်းဆက်ယိုအနေဖြင့် နျူကလီးယားစစ်ပွဲဖြစ်ပွားရန်အရဲစွန့်လုပ်ဆောင်နေကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနနှင့်သုတေသနဌာနတို့က နိုဝင်ဘာလ ၃ ရက်တွင်ထုတ်ပြန်ထားသည်။

ယွန်းဆက်ယိုသည် စစ်ပွဲနှင့်ပတ်သက်၍ မဆင်မခြင်မှတ်ချက်ပြုပြောဆိုလျက်ရှိကြောင်း၊ ကိုရီးယားနှစ်နိုင်ငံကြားတွင် သဘောတူထားသည့်အချက်အလက်များကိုလျစ်လျူရှုနေကြောင်း၊ အမေရိကန်နှင့်ပေါင်းကာ နျူကလီးယားစစ်ပွဲစီမံချက်ရေးဆွဲနေကြောင်းနှင့် ဂျပန်၊ NATO တို့နှင့်နီးကပ်သောဆက်ဆံရေးကို ထူထောင်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ရှေးရိုးစွဲသူတစ်ဦးဖြစ်သည့် ယွန်းဆက်ယိုသည် မြောက်ကိုရီးယားအပေါ်သဘောထားတင်းမာသူဖြစ်သည့်အပြင် အနောက်အုပ်စုနှင့်ပူးပေါင်း၍ ကိုရီးယားကျွန်းဆွယ်၌တင်းမာမှုများမြင့်တက်စေရန် လုပ်နေသည်ဟု မြောက်ကိုရီးယားကဖော်ပြထားကြောင်းသိရသည်။ Ref: RTA

## သတင်းတိုကဏ္ဍ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် တစ်ရက်အတွင်းသေဆုံးသူအများဆုံးစံချိန်တင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် တစ်ရက်အတွင်းသေဆုံးသူအများဆုံးဖြင့် စံချိန်တင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ရုံးက ထုတ်ပြန်ထားသည်။

နိုဝင်ဘာလ ၂ ရက်တွင် ထိုရောဂါဖြစ်ပွားမှုကြောင့် တစ်ရက်အတွင်းသေဆုံးသူ ၁၀ ဦးရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၃၁၀ အထိမြင့်တက်လာကြောင်းနှင့် ၂၄ နာရီအတွင်းရောဂါကူးစက်ဖြစ်ပွားသူ ၁၃၄၈ ဦးအထိရှိလာကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့်သေဆုံးသူအရေအတွက်မှာ ဇူလိုင်လတွင် ၁၂ ဦး၊ ဩဂုတ်လတွင် ၂၇ ဦး၊ စက်တင်ဘာလတွင် ၈၀ နှင့် အောက်တိုဘာလတွင် ၁၃၄ ဦးအထိ တဖြည်းဖြည်းမြင့်တက်လာသည်ကိုတွေ့ရသည်။

နိုင်ငံအတွင်း ထိုရောဂါဖြစ်ပွားမှုကို ထိန်းချုပ် တိုက်ဖျက်နိုင်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည်များကို လုပ်ဆောင်လျက်ရှိသည်။ Ref: Xinhua

# လာဟိုးမြို့၌ စံချိန်တင်လေထုညစ်ညမ်းမှုကြောင့် အခြေခံပညာကျောင်းများကိုပိတ်ထားရ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌စံချိန်တင်လေထုညစ်ညမ်းမှုဖြစ်ပွားသည့်အတွက် အခြေခံပညာကျောင်းများကိုပိတ်ထားရကြောင်း အစိုးရတာဝန်ရှိသူများက နိုဝင်ဘာလ ၃ ရက်တွင်ပြောသည်။

သန်းပေါင်းများစွာသောကလေးငယ်များအနေဖြင့် အန္တရာယ်ရှိသောအဆင့်ရှိမီးခိုးမြူများညစ်ညမ်းမှုမှရှောင်ရှားနိုင်စေရန် စာသင်ကျောင်းများကို ခုနစ်ရက်တိုင်တိုင်ပိတ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် တိုင်းတာချက်များအရဆိုပါက လာဟိုးမြို့၏ လေထုအရည်အသွေးညွှန်းကိန်းသည် ၁၀၀၀ အထက်ရောက်ရှိနေသည်ကိုတွေ့ရပြီး ထိုအခြေအနေမျိုးကို မကြုံဖူးကြောင်း တာဝန်ရှိသူများက ဆက်ပြောသည်။

ဒီဇယ်မီးခိုးများထွက်ရှိမှု၊ ရာသီအခြေအနေအရ လယ်ကွင်းများကိုမီးရှို့မှုနှင့် အနွေးပေးစနစ်များကြောင့် မီးခိုးများပိုမိုထွက်ရှိလာခြင်းဖြစ်သည်။ Ref: RTA

# နိုင်ဂျာက ရုရှားနိုင်ငံမှ ဂြိုဟ်တုနှစ်လုံးနှင့်ရေဒါတစ်ခု ဝယ်ယူအသုံးပြုမည်

အာဖရိကဒေသမှ နိုင်ငံတစ်နိုင်ငံဖြစ်သော နိုင်ဂျာနိုင်ငံသည်ရုရှားနိုင်ငံမှ ဂြိုဟ်တုနှစ်လုံးနှင့် ရေဒါတစ်ခုတို့ကို ဝယ်ယူအသုံးပြုမည်ဖြစ်ကြောင်းနှင့် ရုရှား၏ Glavkosmos ကုမ္ပဏီနှင့်သဘောတူညီချက်ရရှိသွားပြီဖြစ်ကြောင်းသိရသည်။

နိုင်ဂျာနိုင်ငံက ရုရှားမှဝယ်ယူအသုံးပြုမည့်ဂြိုဟ်တုနှစ်လုံးမှာ ဆက်သွယ်ရေးဂြိုဟ်တုနှင့် အဝေးရောက်အာရုံခံဂြိုဟ်တုတို့ဖြစ်ပြီး ရေဒါတစ်ခုမှာ ကာကွယ်ရေးနှင့်လုံခြုံရေးရေဒါဖြစ်သည်။

ယခုသဘောတူညီချက်ရရှိရေးအတွက် စက်တင်ဘာလတွင်ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုသဘောတူညီချက်တွင် မာလီ၊ နိုင်ဂျာနှင့် ဘာကီနာဖာဆိုတို့ပါဝင်သည့်ဆာဟယ်နိုင်ငံများမဟာမိတ်အဖွဲ့နှင့် Glavkosmos တို့ကြားပူးပေါင်းဆောင်ရွက်မည့်သဘောတူညီချက်လည်းပါဝင်သည်။

အဆိုပါဂြိုဟ်တုများကိုတည်ဆောက်ရေးမှာ အချိန်အားဖြင့်လေးနှစ်ကြာမြင့်မည်ဖြစ်ပြီး ထိုကာလတွင် Glavkosmos ကနိုင်ဂျာသို့ အလားတူဂြိုဟ်တုများကိုငှားပေးမည်ဖြစ်သည်။ Ref: RT

# အမေရိကန်သမ္မတရွေးကောက်ပွဲ မသမာမှုများနှင့်ဆူပူအုံကြွမှုများရှိလာနိုင်ဟုဆို

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မသမာမှုများနှင့် ဆူပူအုံကြွမှုများရှိလာနိုင်ကြောင်းဒေါ်နယ်ထရမ့်ကိုထောက်ခံသူများက ခန့်မှန်းထားသည်။ ယခုရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ကမ်မလာဟဲရစ်နှင့် ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရမ့်တို့က သမ္မတရွေးကောက်ပွဲကိုယ်စားလှယ်များအဖြစ်ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ကိုယ်စားလှယ်များကြားပြိုင်ဆိုင်မှုများပြင်းထန်လာနေစဉ် ထရမ့်ကိုထောက်ခံသူတစ်ဦးဖြစ်သည့် အသက် ၆၅ နှစ်ရှိ မားကတ်တင်းကျွမ်းကျင်ပညာရှင် ဘေရော့ဘင်ဆန်က ယခုကဲ့သို့ခန့်မှန်းထားခြင်းဖြစ်သည်။

အကယ်၍ ရွေးကောက်ပွဲတွင်ထရမ့်ရှုံးသွားပါက လက်ယာစွန်းရောက်သူများဘက်တွင် ဆူပူအုံကြွမှုများဖြစ်လာနိုင်ပြီး ထရမ့်နိုင်သွားပါက လက်ဝဲစွန်းရောက်သူများအနေဖြင့် မည်ကဲ့သို့တုံ့ပြန်မည်ကို မခန့်မှန်းနိုင်သေးကြောင်း ဘေရော့ဘင်ဆန်ကဆက်ပြောသည်။ ရွေးကောက်ပွဲကို နိုဝင်ဘာလ ၅ ရက်တွင်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ Ref: UT

# မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များအား ကြည့်ရှုစစ်ဆေး



**ပျဉ်းမနား နိုဝင်ဘာ ၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ယောက်သွားအင်းကျေးရွာအုပ်စု ကြံဖိုစုကျေးရွာသို့သွားရောက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့်ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် သနပွင်ဆိပ်ကျေးရွာအုပ်စု သနပွင်ဆိပ်(အနောက်)ကျေးရွာသို့ သွားရောက်၍ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက စာကြည့်တိုက်ဆောက်လုပ်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာသို့သွားရောက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် ကျေးရွာစာကြည့်တိုက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် စာကြည့်တိုက်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက်မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B)အတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ Nakhon Ratchasima မြို့ရှိ Terminal 21 Korat တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ အုပ်စု(D)တွင် ပါဝင်မည့် ဩစတြေးလျအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့မှ နည်းပြများနှင့်အတူ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနည်းပြ Mr.Bunlert Cheorawong တို့တက်ရောက်ပြီး ဒေသတွင်းမီဒီယာများ၏ မေးမြန်းမှုများကိုအသီးသီးပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနည်းပြ Mr.Bunlert Cheorawong က "ဒီပြိုင်ပွဲက ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပြိုင်ပွဲတစ်ခုပါ။ နိုင်ငံပေါင်းစုံကစားသမားအသစ်တွေကို ပိုမိုကောင်းမွန်တဲ့ကစားသမားတွေဖြစ်အောင်အခွင့်အရေးပေးတဲ့ပြိုင်ပွဲတစ်ခုလည်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်က ပြိုင်ပွဲကရခဲ့တဲ့ အဆင့်ထက် မနိမ့်ကျတဲ့ရလဒ်မျိုးရရှိဖို့ ကြိုးစားသွားမှာပါ။ မြန်မာဖူဆယ်ပရိသတ်တွေကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ကိုအားပေးနေတဲ့ပရိသတ်အတွက် အကောင်းဆုံးကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာလ ၄ ရက်တွင် ဩစတြေးလျအသင်း၊ နိုဝင်ဘာလ ၅ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် နိုဝင်ဘာလ ၆ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် အသီးသီးကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

# AFC Challenge League 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရှမ်းယူနိုက်တက်အသင်း ကမ္ဘောဒီးယားကလပ် Preah Khan Reach Savy Rieng အသင်းနှင့်တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၃**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် AFC Challenge League 2024 ပြိုင်ပွဲ(East Zone) ကွာတားဖိုင်နယ်အဆင့်တွင် မြန်မာနိုင်ငံကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်း အနေဖြင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Savy Rieng အသင်းနှင့်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် AFC Challenge League 2024 ပြိုင်ပွဲ(East Zone) ကို အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီး အုပ်စု(D)တွင် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်း၊ ကမ္ဘောဒီးယားကလပ် Young Elephant အသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်နှစ်ပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ အုပ်စုပထမနေရာမှ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

AFC Challenge League 2024 ပြိုင်ပွဲ (East Zone) ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် Preah Khan Reach Savy Rieng အသင်း၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းနှင့် အင်ဒိုနီးရှားကလပ် မာဒူရာယူနိုက်တက်အသင်း၊ ကူဝိတ်ကလပ် အယ်လ်အာရာဘီအသင်းနှင့် အိုမန်ကလပ် အယ်လ်ဆက်ဒ်အသင်း၊ အိန္ဒိယကလပ် အရှေ့ဘန်ဂေါအသင်းနှင့် တာ့ခ်မင်နစ္စတန်ကလပ် အာရ့်ကာဒက်အသင်းတို့ကစားသွားမည်ဖြစ်သည်။

AFC Challenge League 2024 ပြိုင်ပွဲ (East Zone)ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့်ကစားမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် Preah Khan Reach Savy Rieng အသင်းတို့ကစားမည့် ပထမအကျော့ပွဲစဉ်ကို လာမည့် ၂၀၂၅ ခုနှစ် မတ်လ ၆ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို မတ်လ ၁၃ ရက်တွင်လည်းကောင်း ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

■ **ကျောဖုံးမှအဆက်**

အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၁ မိနစ်တွင် သန်းတိုးအောင်နှင့် ပွဲချိန် ၃၃ မိနစ်တွင် အောင်မြတ်သူတို့က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးများလိုအပ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားလာခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအနိုင်ရလဒ်ကို ထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့သော်လည်း ဌက္ကာနိုင်နှင့် ဝေလင်းအောင်တို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုး နှစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ကွင်းလယ်ကစားသမား ဝေလင်းအောင်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် နိုဝင်ဘာလ ၄ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့်ရောဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့ဆက်လက်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

**စည်သူအောင်**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်
နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊
တာဝန်ထမ်းဆောင်မှုအား
နှောင့်ယှက်ခြင်းများဆောင်ရွက်
ပါက တည်ဆဲဥပဒေများနှင့်အညီ
အရေးယူခံရနိုင်ပါသည်။

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃၁ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၉၆၆၅၇၄)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၆၉၃၅၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၆၆၀၀၇၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၁ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပင်းတယ-အောင်ပန်းလမ်းပိုင်းရှိ ပွေးလှကျေးရွာ ရွာငံလမ်းခွဲအနီး၌ ရွာငံမြို့မှမန္တလေးမြို့သို့သွားရောက်မည့်မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၂၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck (၃)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၈၈၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **နိုဝင်ဘာလ ၂ ရက်နှင့် ၃ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်(၁)စီးနှင့် JAC Truck မော်တော်ယာဉ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၁၉၃)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၁၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၃၁ ရက်၊ နိုဝင်ဘာလ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၅၉၅၂၆၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

## လီဗာပူးအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲဦးထွက်ဘောလုံးရာသီအစ ၁၀ ပွဲကစားပြီးချိန်တွင် နိုင်ပွဲအများဆုံးနည်းပြအဖြစ် ဆလော့မှတ်တမ်းဝင်



လန်ဒန် နိုဝင်ဘာ ၃

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ကစားသည့် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ပွဲစဉ်တွင် လီဗာပူးအသင်းက ၂ ဂိုး- ၁ ဂိုးဖြင့်အနိုင်ရရှိပြီးနောက် လီဗာပူးအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲဦးထွက်ဘောလုံးရာသီအစ ၁၀ ပွဲကစားပြီးချိန်တွင် နိုင်ပွဲအများဆုံးနည်းပြအဖြစ် နည်းပြဆလော့က မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီတွင် လီဗာပူးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြဆလော့သည် အသင်းကို ရလဒ်ကောင်းများဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ပရီးမီးယားလိဂ် ၁၀ ပွဲ တာဝန်ယူထားပြီးချိန်တွင် အသင်းကိုအောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဟောင်း ကလော့ပင် မစွမ်းဆောင်နိုင်ခဲ့သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဆလော့သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၀ ပွဲကစားပြီးချိန်တွင် နော့တင်ဟမ်တစ်သင်းတည်းကိုသာရှုံးနိမ့်ပြီး အာဆင်နယ်အသင်းနှင့်သရေရလဒ်ထွက်ပေါ်ခဲ့ကာ ကျန်ရှစ်ပွဲအနိုင်ရရှိပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲဦးထွက်ဘောလုံးရာသီအစ ၁၀ ပွဲကစားပြီးချိန်တွင် နည်းပြ ကွန်နယ်လ်က ခုနစ်ပွဲအနိုင်ရရှိကာ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နိုင်ပွဲအများဆုံးနည်းပြအဖြစ် နှစ်များစွာ ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ နည်းပြ ဆလော့က ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲဦးထွက်ဘောလုံးရာသီအစ ၁၀ ပွဲကစားပြီးချိန်တွင် နိုင်ပွဲအများဆုံးနည်းပြအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လီဗာပူးအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်ကောင်းမွန်လျက်ရှိပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၀ ပွဲကစားပြီးချိန်တွင် နော့တင်ဟမ်တစ်သင်းတည်းကိုသာ ရှုံးနိမ့်ထားကာ ဘရိုက်တန်အသင်းကို အနိုင်ရရှိပြီးနောက် ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၅ မှတ်ဖြင့် မန်စီးတီးအသင်းကို ရမှတ်နှစ်မှတ်ဖြတ်တောက်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ***Ref;Opta Analyst***

## ဘာစီလိုနာအသင်း၏ အသင်းနှစ်ပတ်လည် အခမ်းအနားကို မက်ဆီ တက်ရောက်မည်

မက်ဒရစ် နိုဝင်ဘာ ၃

ဘာစီလိုနာအသင်း၏ (၁၂၅) ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မက်ဆီ တက်ရောက်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက အတည်ပြုပြောကြားခဲ့သည်။

အသက် ၃၇ နှစ်အရွယ် မက်ဆီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၄ ခုနှစ်က ဘာစီလိုနာအသင်းနှင့်စတင်ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာ ပါဝင်ကစားခဲ့ကာ အသင်းနှင့် ပြိုင်ပွဲစုံ ၇၆၅ ပွဲအထိ ပါဝင်ကစားခဲ့ပြီး ၆၇၆ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအပါအဝင် တစ်ဦးချင်းဆုများစွာကိုလည်းဆွတ်ခူးနိုင်ခဲ့ကာ အသင်းဂန္ထဝင်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရပြီး ၂၀၂၁ ခုနှစ်က အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့သူဖြစ်သည်။

ယခုအခါ မက်ဆီသည် နိုဝင်ဘာလ ၂၉ ရက်တွင် ကျင်းပမည့် ဘာစီလိုနာအသင်း၏ နှစ်ပတ်လည် အခမ်းအနားကို တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ***Ref;Fabrizio Romano***

## မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့က လေဗာကူဆင်အသင်းမှ နည်းပြအလွန်ဆိုနှင့် ကစားသမား ဖလိုရီယန်ဝက်ဇ်တို့ကို အပြိုင်ခေါ်ယူရန်ပြင်ဆင်နေ

မက်ဒရစ် နိုဝင်ဘာ ၃

ဥရောပထိပ်တန်း ကလပ်အသင်းနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့က ယခုဘောလုံးရာသီအကုန်တွင် လေဗာကူဆင်အသင်းမှ နည်းပြ အလွန်ဆိုနှင့် လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်တို့ကို အပြိုင်ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

နည်းပြ အလွန်ဆိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်းကို ရှုံးပွဲမရှိဘဲ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ဖလိုရီယန်ဝက်ဇ်သည်လည်း နည်းပြအလွန်ဆိုလက်အောက်တွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်ခဲ့သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့က ၎င်းတို့နှစ်ဦးကို တစ်ပြိုင်တည်းခေါ်ယူလိုနေခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုဘောလုံးရာသီအကုန်တွင် နည်းပြဂွါဒီယိုလာနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးသည့်အတွက် ၎င်းထွက်ခွာခဲ့ပါက နည်းပြသစ်အဖြစ် အလွန်ဆိုကို ခန့်အပ်လိုနေပြီး ကွင်းလယ်ပိုင်းတွင်လည်း ဒီဘရိုင်း၏နေရာ၌ အစားထိုးရန် ဖလိုရီယန်ဝက်ဇ်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

အလားတူ ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း ယခုဘောလုံးရာသီအကုန်တွင် လက်ရှိနည်းပြ အန်ဆယ်လော့တီနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြ အန်ဆယ်လော့တီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုတော့မည်မဟုတ်ဘဲ နည်းပြအလွန်ဆိုနှင့်အစားထိုးလိုနေပြီး အသင်းကွင်းလယ်ပိုင်းတွင်လည်း လူကာမိုဒရစ်၏နေရာ၌ ဖလိုရီယန်ဝက်ဇ်နှင့် အစားထိုးလိုနေကြောင်း သိရသည်။ ***Ref;Goal.com***

## ဘုန်းမောက်စ်အသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် မန်စီးတီးအသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၂ ပွဲဆက် ရှုံးပွဲမရှိစံချိန်ရပ်တန့်

မန်ချက်စတာ နိုဝင်ဘာ ၃


ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ကစားသည့် ဘုန်းမောက်စ်အသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းအနေဖြင့် ၂ ဂိုး- ၁ ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၃၂ ပွဲဆက် ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းသည် ဘုန်းမောက်စ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ဘုန်းမောက်စ်အသင်းက ပွဲချိန် ကိုးမိနစ်တွင် ဆီမန်ညို၊နှင့် ပွဲချိန် ၆၄ မိနစ်တွင် အီဗာနယ်ဆင်တို့၏သွင်းဂိုးများကြောင့် မန်စီးတီးအသင်းအခက်တွေ့ခဲ့ရပြီး ပွဲချိန် ၈၂ မိနစ်တွင် ဂါဗယ်ဒီလိုက ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ၂ ဂိုး- ၁ ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၂ ပွဲဆက် ရှုံးပွဲမရှိစံချိန်ရပ်တန့်ခဲ့ရသည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် အက်စ်တွန်ဗီလာအသင်းနှင့်ပွဲစဉ်တွင် ၁ ဂိုး- ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၂ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သော်လည်း ဘုန်းမောက်စ်အသင်းကို ရှုံးနိမ့်ပြီးနောက် ရှုံးပွဲမရှိစံချိန်ရပ်တန့်ခဲ့ရသည်။

မန်စီးတီးအသင်းသည် ဘုန်းမောက်စ်အသင်းနှင့်တွေ့ဆုံသည့်ပွဲစဉ်များတွင် ရလဒ်ကောင်းလေ့ရှိသော်လည်း ယခုအခါ ရှုံးနိမ့်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘုန်းမောက်စ်အသင်းကို ၁၄ ပွဲဆက် အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်လည်း ရပ်တန့်ခဲ့ရကြောင်း သိရသည်။

***Ref;Fotmob***



# ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်၌ ကထိနကံဆောင် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းအငူ၌ တည်ထားကိုးကွယ်သော ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်၌ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကထိနကံဆောင် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ကြောင်း ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော် ဂေါပကအဖွဲ့မှ သိရသည်။


အဆိုပါ ကထိနကံဆောင်ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ဂေါပကအဖွဲ့မှကြီးမှူး၍ စေတနာရှင် အလှူ့ဒါယကာ၊ ဒါယိကာမများ၊ ဒေသခံပြည်သူများနှင့်အတူ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြတ်မော်တင်ကျောင်းတိုက်ဝင်းအတွင်း ကျင်းပမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ် ပွဲတော်ရက်တွေမှာလည်း ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မှာ ဘုရားပွဲကျင်းပပြီး မီးထွန်းပွဲတွေ၊ မီးပုံးပျံလွှတ်ပွဲတွေ ကျင်းပခဲ့ပါတယ်။ သီတင်းကျွတ်ပွဲတော်ရက်တွေမှာ ရပ်နီးရပ်ဝေးကဘုရားဖူးဧည့်သည် ၅၀၀၀ ကျော်လာရောက်ခဲ့ပါတယ်"ဟု ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်ကြာ ကျင်းပလေ့ရှိပြီး အဆိုပါဘုရားပွဲတော်ကာလတွင် ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ အများအပြားလာရောက်ဖူးမြော်ကြကာ ဘုရားဖူးဧည့်သည်များ အခမဲ့ တည်းခိုနိုင်စေရန် ဘုရားဂေါပကအဖွဲ့က တန်ဆောင်းများနှင့်ဓမ္မာရုံများတွင် နေရာများ စီစဉ်ပေးထားသည်။

ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်တွင် ဘုရားဖူးလာရောက်ကြသူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်စေရန် စေတီတော်၏ ရင်ပြင်တော်တိုးချဲ့ခြင်း၊ အာရုံခံတန်ဆောင်း တည်ဆောက်ခြင်းများအပါအဝင် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး




# ကျွန်းစုမြို့နယ်၌ မိုးစပါး(ဆင်းသုခ)စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကျင်းပ

ကျွန်းစု နိုဝင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မောင်းလော့ကျေးရွာအုပ်စု မောင်းလော့ကျေးရွာရှိ ကွင်းအမှတ် (၃၀၈) ဦးပိုင် (၉၇/၈) တောင်သူ ဦးမြင့်အောင်၏ လယ်ယာမြေ၌စိုက်ပျိုးထားသည့် မိုးစပါး (ဆင်းသုခ)စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုကို၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးသီဟ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးဇော်ကိုလတ်နှင့်တာဝန်ရှိသူများ၊ ကျွန်းစုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့်ဝန်ထမ်းများ၊ မောင်းလော့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးဦးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။



ကျွန်းစုမြို့နယ် မောင်းလော့ကျေးရွာရှိ တောင်သူဦးမြင့်အောင်၏ လယ်ယာမြေတွင် စိုက်ပျိုးထားသော မိုးစပါး(ဆင်းသုခ) စပါးမျိုးစိုက်ခင်း၌ တစ်ဧကစံကွက်ရိတ်သိမ်းရာတွင် အစိုခံတင်း ၁၀ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ၁၁၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

ကျွန်းစုမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၃၀၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်တောင်သူများအား စပါးအထွက်နှုန်းတိုးတက်စေရေး၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်မှုရှိစေရေး၊ ပိုးမွှားအန္တရာယ် ကျရောက်မှုမရှိစေရေးတို့အတွက် စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၁၂)

# ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြို့နယ်အဆင့်သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ လုပ်ဆောင်ရသည့် အကြောင်းရင်းများ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်စေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းကို တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီနိုင်ရန် ရည်ရွယ်၍ ကျောင်းသားများပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ (Students Participation Initiatives–SPI) အကောင်အထည်ဖော်ရေးဆိုင်ရာ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၂ ရက်က ဒဂုံ(မြောက်ပိုင်း)မြို့နယ် ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံ(မြောက်ပိုင်း)မြို့နယ် ပညာရေးမှူး ဒေါ်နန်းစန္ဒာအောင်က ကျောင်းသားများ ပါဝင်ဆောင်ရွက်မှု တိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြို့နယ်အဆင့်သင်တန်းများ ကျင်းပရခြင်း အကြောင်းအရာများ၊ သင်တန်းစည်းမျဉ်း၊ စည်းကမ်းများနှင့် သင်တန်းသားများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇင်သက်ဦး၊ ဒဂုံမြို့သစ်ခရိုင် အခြေခံပညာဦးစီးဌာန ပညာရေးမှူး ဦးငွေသူရနှင့် တာဝန်ရှိသူတို့က သင်တန်းတက်ရောက်သင်ကြားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဒဂုံ(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၀ ဦးတက်ရောက်ကြကြောင်း သိရသည်။ (၂၈၅)

# မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်

ကြံခင်း နိုဝင်ဘာ ၃


ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်၊ မီးလောင်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန်ရည်ရွယ်၍ နိုဝင်ဘာလ ၂ ရက်က ကြံခင်းမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးမြင့်အောင်၊ မြို့နယ်လျှပ်စစ်ရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုနိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးရှိ ဈေးရောင်းဈေးဝယ်ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် ဆောင်ရွက်ရမည့်အချက်များနှင့် မီးလောင်ဆုံးရှုံးမှုမရှိစေရေး၊ မီးပေါ့ဆမှုမရှိစေရေး၊ လျှပ်စစ်ဝိုင်ယာရှော့ခ်ကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေးတို့ကို အသိပညာပေးခြင်း၊ ဈေးဆိုင်ခန်းများ၌ မီးသုံးစွဲမှုများ၊ လျှပ်စစ်မီးသုံးစွဲမှုများကို စစ်ဆေးခြင်းအပြင် ရုတ်တရက် မီးလောင်မှုနှင့်တွေ့ကြုံပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နိုင်ရေးနှင့် ဝိုင်ယာကြိုးများမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့်အချက်များကို အသိပညာပေးကာ လက်တွေ့သရုပ်ပြသကြသည်။

ထို့နောက် မြို့မဈေးအတွင်းရှိ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရေသိုလှောင်ကန်များ၊ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်များထားရှိခြင်းနှင့် မီးပေါ့ဆမှုမရှိစေရန် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားခြင်းတို့ကို ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ချမ်းမြေ့

# မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသောကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသော ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကြူ၏ပြောကြားချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်မှထွက်ရှိသည့် ကြက်သွန်နီများပုံမှန်ဝင်ရောက်လျက်ရှိပြီး အောက်တိုဘာလပထမပတ်က တစ်ရက်လျှင် ကြက်သွန်နီ ပိဿာ ၂၀၀ မှ ၄၀၀ အထိအရောင်းအဝယ်ဖြစ်ခဲ့ပြီး အောက်တိုဘာလနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ကြက်သွန်နီ ပိဿာ ၅၀၀ မှ ၇၀၀ အထိအရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''ရှမ်းပြည်နယ်မှာ အရင်နှစ်တွေကထက် ဒီနှစ် ကြက်သွန်နီအထွက်နှုန်းနည်းတယ်။ အထွက်နှုန်းနည်းပေမယ့် ပုံမှန်ဝင်ရောက်နေပါတယ်။ တခြားဒေသတွေကနေ ဧရာဝတီတိုင်းဒေသကြီးကို ကြက်သွန်နီ တင်ပို့တာနည်းတယ်။ လက်ရှိ ကြက်သွန်နီဈေးကလည်း သင့်တင့်တယ်လို့ပြောရမယ်။ လက်ရှိမှာ ပိဿာတော်တော်များများ အရောင်းအဝယ်ဖြစ်နေပြီး တစ်ရက်ကို ပိဿာ ၁၅၀ နဲ့အထက်မှာ အရောင်းအဝယ်ဖြစ်နေတယ်''ဟု ဒေါ်ကြူကပြောသည်။

မအူပင်မြို့နယ်၌ ကြက်သွန်နီများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၀၅၉ ကေဆွတ်ခူးပြီးဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၀၅၉ ကေ ဆွတ်ခူးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာဖူလုံ ပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရန်အတွက် ပဲတီစိမ်း ၂၆၀၄ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ဩဂုတ်လမှစတင်ဆွတ်ခူးရာ လက်ရှိတွင် ၂၀၅၉ ကေ ဆွတ်ခူးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်း ၆၂၈၃ ကေစိုက်ပျိုးဖို့ လျာထားပြီး စိုက်ပျိုးခဲ့တာ ၂၆၀၄ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ တောင်သူတွေက ပဲတီစိမ်းစိုက်ခင်းတွေကို ဆွတ်ခူးနေပါတယ်။ လက်ရှိမှာ ပဲတီစိမ်း ၂၀၅၉ ကေ ဆွတ်ခူးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ တစ်ကေကို ၁၉ ဒသမ ၃ တင်းထွက်ရှိပါတယ်။ ပဲတီစိမ်း စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်း ကောင်းမွန်ဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ စိုက်ကေတွေတိုးချဲ့စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့နဲ့ ကိုယ်တိုင်မျိုးသန့်မျိုးစေ့ထုတ်လုပ်တာတွေ ဆောင်ရွက်ကြဖို့ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။



ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပဲတီစိမ်း စိုက်ခင်းများ အထွက်နှုန်းကောင်းမွန်စေရေးနှင့် သီးနှံအရည်အသွေးများ ကောင်းမွန်စေရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့်အချိန်မီသီးနှံရိတ်သိမ်းနည်းပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာ ဒေသခံတောင်သူများကို ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျေးလက်နေပြည်သူများလူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများထုတ်ချေး

**ကျောက်ဆည် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး ကျောက်ဆည်မြို့နယ်ရှိ အနောက်ရေပြားတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ နဝမအကြိမ်ထုတ်ချေးပေးခြင်းကို နိုဝင်ဘာလ ၂ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးအတွက် ငွေကျပ် ၂၈၅၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး အတွက် ငွေကျပ် ၁၀၉၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၉၄၀၀၀၀၀ ကို လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနောက်ရေပြားတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၇ ရက်က စတင်ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်ထုတ်ချေးပေးခြင်းသည် နဝမအကြိမ်ဖြစ်ကြောင်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် အနောက်ရေပြားတောကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မကွေးမြို့ရှိ တိုင်းဒေသကြီး အားကစားကွင်းအတွင်း နိုင်ငံတကာအဆင့်မီ မီတာ ၄၀၀ ပြေးလမ်း ဖောက်လုပ်နေမှု ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

**မကွေး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တိုင်းဒေသကြီး အားကစားကွင်းအတွင်း နိုင်ငံတကာအဆင့်မီ မီတာ ၄၀၀ ပြေးလမ်း ဖောက်လုပ်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ၏ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါပြေးလမ်းကို ဇူလိုင်လ ၁၅ ရက်မှ စတင်ဖောက်လုပ်ခြင်းဖြစ်ပြီး ထိုပြေးလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ စနစ်သစ်ရော်ဘာပြေးလမ်းခင်းခြင်း၊ ကွင်းပြင်ဆင်ခြင်းနှင့်အားကစားပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

“မကွေးမြို့မှာရှိတဲ့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းမှာ နိုင်ငံတကာအဆင့်မီ မီတာ ၄၀၀ ပြေးလမ်းဖောက်လုပ်နေမှုက လက်ရှိမှာ လုပ်ငန်းအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်။ ပြေးလမ်းကွန်ကရစ်လမ်းခင်းတာက ၇၅ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ။ ကျန်တဲ့ကွင်းပြင်ဆင်ခြင်းလုပ်ငန်း၊ စနစ်သစ်ရော်ဘာပြေးလမ်းခင်းခြင်းလုပ်ငန်းနဲ့ အားကစားပစ္စည်းတပ်ဆင်တဲ့လုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်" ဟု မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်ကပြောသည်။

ယင်းပြေးလမ်းဖောက်လုပ်ခြင်းအတွက် စုစုပေါင်း ငွေကျပ် သန်း ၂၇၀၀ ကျော် အကုန်အကျခံဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ရာနှုန်းပြည့်ပြီးစီးစေရန်ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနိုင်ငံတကာအဆင့်မီ မီတာ ၄၀၀ ပြေးလမ်း ဖောက်လုပ်ပြီးစီးပါက ပြေးခုန်ပစ်အားကစားများ အပါအဝင် အားကစားသမားအားလုံး နိုင်ငံတကာတွင် သွားရောက်လေ့ကျင့်သည့်နည်းတူ ပိုမိုအဆင့်အတန်းမြင့်စွာ လေ့ကျင့်နိုင်မည်ဖြစ်ပြီး စံချိန်ကောင်းများရရှိစေရန်အတွက်လည်း ကြိုးပမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သိရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ဝေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
ထုတ်လုပ်မှုသက်တမ်း(၂၀)နှစ်ကျော်ရှိပြီး ဓိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PREMIUM QUALITY CEMENT
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
RHINO CEMENT
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
DENTOMEC
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကိုသိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃)ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အမှတ်ပေးဇယားအဆင့်(၂)နှင့် (၃)နေရာ၌ ရပ်တည်နေသည့်အသင်းများပီပီ ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့်

စာမျက်နှာ ၂၆ ကော်လံ ၁ ■

## နိုင်ငံတကာသတင်း

**တောင်ကိုရီးယား၊ ဂျပန်တို့နှင့် ပူးတွဲလေတပ်စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်မှ ဗုံးကြဲလေယာဉ်လည်းပါဝင်**



**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် တစ်ရက်အတွင်း သေဆုံးသူအများဆုံးစံချိန်တင်**

**လာဟိုးမြို့၌ စံချိန်တင်လေထုညစ်ညမ်းမှုကြောင့် အခြေခံပညာကျောင်းများကိုပိတ်ထားရ**

**ယူကရိန်းက ရုရှား၏အပြင်းထန်ဆုံးသောတိုက်စစ်နှင့် ရင်ဆိုင်နေရဟုဆို**

စာ - ၂၃ သို့

**တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၂၆ သို့





အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

| | | | |
|---|---|---|---|
| **အင်္ဂလန်ပရီးမီးယားလိဂ်** | | **အီတလီစီးရီးအေ** | |
| ဝုလ်ဗ် | ၂ - ၂ ပဲလေ့ | မွန်ဇာ | ၀ - ၁ အေစီမီလန် |
| စပါး | ၄ - ၁ ဗီလာ | နာပိုလီ | ၀ - ၃ အတ္တလန်တာ |
| **စပိန်လာလီဂါ** | | တိုရီနို | ၀ - ၁ ဖီအိုရင်တီးနား |
| အက်သလက်တီကို | ၂ - ၀ လက်စ်ပါးမက် | **ပြင်သစ်လီဂူးဝမ်း** | |
| **ဂျာမန်ဘွန်ဒက်လီဂါ** | | ဘရက် | ၀ - ၁ နိုက်စ် |
| ဒေါ့မွန် | ၂ - ၁ လိုက်ပဇစ် | စိန့်အက်တီယန် | ၂ - ၀ စထရာဘော့ |
| ဖရိုင်းဘတ် | ၀ - ၀ မိန့်ဇ် | တူးလော့ | ၁ - ၀ ရိမ်း |

